# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၁၈)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

၂၀၁၄ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ အင်္ဂါနေ့။


ဒါနဥ္စ ဓမ္မစရိယာ ... 

**ဒါနဥ္စ တေံမင်္ဂလ မုတ္တမံ**

**စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာ မည်၏။**

# ကျေးလက်နေပြည်သူများစုပေါင်းညှိနှိုင်းအဖြေရှာပြီး ကိုယ်တိုင်ဖော်ဆောင်တတ်သည့် အလေ့အကျင့်ကောင်းရရှိ

နေပြည်တော်   ဩဂုတ်   ၁၈

**လူထုဗဟိုပြုစီမံကိန်း ပြည်ထောင်စုအဆင့် သက်ဆိုင်သူအဖွဲ့အစည်းများ ပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ၌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် မြန်မာနိုင်ငံကို ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး စာရင်းဝင်နိုင်ငံအဖြစ်မှ လွတ်မြောက်နိုင်ရေးစသည့် ခိုင်မာတိကျသည့် ရည်မှန်းချက်များထားရှိ၍ ယင်းရည်မှန်းချက်များ အောင်မြင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုအပေါ် နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုအားပေးထောက်ခံပြီး

*စာမျက်နှာ ၈ ကော်လံ ၁* ❐

**အများပိုင်ရန်ပုံငွေကို ရှင်းလင်းမြင်သာမှုရှိစွာ တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့် စီမံခန့်ခွဲတတ်သည့် အလေ့အကျင့်ကောင်းများသည် ကျေးလက်နေပြည်သူများကြား ကိန်းအောင်းလာခဲ့သည်မှာ စီမံကိန်း၏အဖိုးမဖြတ်နိုင်သည့် အကျိုးရလဒ်များပင်ဖြစ်**



ဒုတိယသမ္မတ ဦးညဏ်ထွန်း လူထုအခြေပြုစီမံကိန်း ပထမဆုရရှိသည့် ကျေးရွာအုပ်စုများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

**တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာလုပ်ငန်းစဉ်များ၏ ရလဒ်အပေါ် တိုင်းရင်းသားနိုင်ငံရေးပါတီများ ကျေနပ်အားရ**

သတင်း၊ စာမျက်နှာ-၁၀

## လာမည့်နှစ်ပွင့်လင်းရာသီတွင် မြစ်တစ်ခုအသွင်ပီပီပြင်ပြင် ပြန်လည်နိုးထရှင်သန်လာတော့မည့် ပန်းလှိုင်မြစ်

သတင်း-စာမျက်နှာ(၉)



လှိုင်သာယာမြို့နယ် ကမ်းပြိုကျေးရွာတွင် ပန်းလှိုင်မြစ်ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းခွင်၌ အသုံးပြုမည့် စက်ယန္တရားကြီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဇော်မင်းလတ်)





CHNT ELECTRIC SHOWROOM (ပြည်လမ်း)

ကို အမှတ် (95/A)၊ ဝေဇယန္တာလမ်း၊ ပါရမီလမ်းနှင့် သစ္စာလမ်းကြား၊ တောင်ဥက္ကလာပမြို့နယ်သို့ပြောင်းရွှေ့ဖွင့်လှစ်ထားပြီဖြစ်ကြောင်း မိတ်ဟောင်း၊ မိတ်သစ်များအားသတင်းကောင်းပါးအပ်ပါသည်။

Ph: 01- 577755, 09-73722888, 09-73822888

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပညာသည် အရင်းအနှီး

ယနေ့ခေတ်သည်ကား အိုင်တီခေတ်၊ နည်းပညာခေတ်၊ သိပ္ပံခေတ်စသည်ဖြင့် အမျိုးမျိုးခေါ်ဆိုကြသည်။ တစ်နည်းဆိုသော် လူငယ်ပညာတတ်များဦးဆောင်သော ပညာခေတ်ပင်ဖြစ်သည်။ နေရာတိုင်းတွင် ပညာရှင်၊ ပညာတတ်တို့ဦးဆောင်သော ခေတ်ကြီးအဖြစ် အသွင်ပြောင်းလာသည်။ ပညာသည် အရင်းအနှီးတစ်ခုဖြစ်သည်။ ပညာရေးကို ထူးချွန်အောင်ကြိုးစားကြခြင်းဖြင့် ဘဝအဆင့်ဆင့်တက်လှမ်းနိုင်ရေး အပြိုင်အဆိုင်ကြိုးစားနေသည့် ခေတ်ကြီးပင်ဖြစ်သည်။

ပညာရေးတွင် ရင်းနှီးမြှုပ်နှံသော အလုပ်ကို ဆရာ၊ မိဘနှင့် လူငယ်လူရွယ်ကျောင်းသား ကျောင်းသူများက ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပညာရေးတွင် များများရင်းနှီးလေ များများအကျိုးရှိလေဖြစ်သည်။ တစ်နည်းဆိုသော် များများကြိုးစားမှ များများအကျိုးရှိမည်ဖြစ်ပါသည်။

ထိုသို့ ရင်းနှီးသည်ဆိုရာတွင် ငွေကြေးကို အဓိကဆိုလိုခြင်းမဟုတ်ဘဲ ပညာရေးတွင် ကြိုးစားစိုက်ထုတ်လုံ့လပြုမှုဖြစ်ပါသည်။ ပညာရေးတွင်ကြိုးစားလျှင် ကြိုးစားသလောက် အောင်မြင်မှုရရှိနိုင်သကဲ့သို့ ဘဝအဆင့် မြင့်မြင့်တက်လှမ်းနိုင်မည်လည်းဖြစ်ပါသည်။

ယခုအခါ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများခေါ်ယူလျက်ရှိပါသည်။

အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ တက်ရောက်နိုင်ရေးအတွက် ရမှတ်ကောင်းရန် လိုအပ်သောကြောင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်ကောင်းကောင်းဖြင့် အောင်မြင်ရန်အရေးကြီးပါသည်။ ရေကုန်ရေခန်းကြိုးစားထားမှ အမှတ်ကောင်းကောင်းရမည်ဖြစ်ပါသည်။ အမှတ်ကောင်းကောင်းရထားမှ မိမိတက်ရောက်လိုသော တက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး အဆင့်မြင့်သော ဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့်ပင် ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းဟု ဆိုခြင်းဖြစ်ပါသည်။

ပညာရေးသည် အရင်းအနှီးကောင်းတစ်ခုဖြစ်သည်ဟု သိလာကြသူများက မိမိတို့သားသမီးများ သာမန်စာမေးပွဲအောင်ရုံသာမဟုတ်တော့ဘဲ ဂုဏ်ထူးများများ၊ အမှတ်ကောင်းကောင်းဖြင့် အောင်မြင်ရန် ပညာရေးကို အပြိုင်အဆိုင်အားပေးလျက်ရှိကြပါသည်။ သို့သော် ပညာရေးသည် 'ခုရေတွင်းတူး၊ ခုရေကြည်သောက်' ဆိုသော အလုပ်မျိုးမဟုတ်ပါ။ ရေရှည်ပြုစုပျိုးထောင်ရသော အလုပ်ပင်ဖြစ်ပါသည်။

မူလတန်းအရွယ်မှစတင်ကာ အခြေခံကျကျ တတ်မြောက်မှသာ အခြေခိုင်ကာပညာရေးရည်မှန်းချက် ပန်းတိုင်သည် လွယ်ကူချောမွေ့စွာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ထူးချွန်ထက်မြက်ပြီး အောင်မြင်သော လူငယ်လူရွယ်များဖြစ်လာစေရန် ပညာရေးအရင်းအနှီးတွင် အင်ပြည့်အားပြည့် စွမ်းအား ပြည့်ဖြင့် မဆုတ်မနစ်သော ဇွဲလုံ့လဝီရိယတို့ဖြင့် ကြိုးစားအားထုတ်သင့်ပေကြောင်း။ ။


## CLAIMS DAY NOTICE
## M.V CITY OF MUMBAI VOY :NO(10)

Consignees of cargo carried by M.V CITY OF MUMBAI VOY: NO. (10) are here by notified that the vessel will arrive on about 21-8-2014 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်


## ပြည်တွင်းသတင်း

# စီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဩဂုတ် ၁၇ ရက်တွင် ရန်ကုန် နည်းပညာတက္ကသိုလ်၌ ကျင်းပသော နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်(၁)အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကား ပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ယခင်အစည်းအဝေးမှ ဖြန့်ဝေထားပြီးဖြစ်သော မူကြမ်းပြုစုဆဲဖြစ်သည့် အဆင့်မြင့်ပညာရေး ဥပဒေ၊ ကိုယ်ပိုင်တက္ကသိုလ် ဥပဒေ၊ နည်းပညာနှင့် သက်မွေးပညာဥပဒေများအားသိရှိစေရေး ဆွေးနွေးပွဲများ ပြုလုပ်သွားကြရန်၊ ပြည်သူအခြေပြု ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို လုပ်ဆောင်ရာတွင် တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် တာဝန်ခွဲဝေမှုအပိုင်းနှင့် စီမံခန့်ခွဲမှုအပိုင်းများကို စနစ်တကျ လုပ်ဆောင်သွားကြရန် ဆရာ ဆရာမများ၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ကျရာအပိုင်းလိုက် ပြီးမြောက်အောင် ပေါင်းစပ်ညှိနှိုင်း လုပ်ဆောင်သွားကြရန်နှင့် ဆုပေး၊ ဒဏ်ပေးစနစ်များအတိုင်း လိုက်နာကျင့်သုံး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ဆရာ ဆရာမများ၊ ဝန်ထမ်းတိုင်း အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ လိုအပ်ချက်များကို သေသေချာချာ သိရှိပြီး တစ်ဦးချင်းစီ၏ တာဝန်များကို သိရှိလိုက်နာဆောင်ရွက်သွားကြရန် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးများကိုသိရှိပြီး မိမိကိုယ်တိုင်လည်း ပြုပြင်ပြောင်းလဲသွားကြရန်၊ နိုင်ငံတော်အကျိုးပြုနိုင်မည့် လက်တွေ့ကျသော သုတေသနလုပ်ငန်းများ လုပ်ဆောင်သွားကြရန်၊ ပြုပြင်ပြောင်းလဲမှုများအားလုံးကို လေ့လာသိရှိပြီး ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန် မိမိတို့၏ စိတ်ဓာတ်များကိုပါ ပြုပြင်ပြောင်းလဲနိုင်ရေး ကြိုးပမ်းသွားကြရန် မှာကြားခဲ့သည်။

ထို့နောက် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်(၃) တစ်ခုဖြစ်သည့် e-Government ဆိုင်ရာ လုပ်ငန်းစဉ်များ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်ကပညာရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စည်းကမ်းမဲ့ ယာဉ်လိုင်းများ အရေးယူဆောင်ရွက်ပေးရန် လိုအပ်နေ

**ထင်သာမြင်သာပြုပြင်စရာ**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ အဝေးပြေးကားလမ်းမကြီးတို့ဆုံရာ ဖျာပုံတံတားကြီး ခြေရင်းတွင်ရှိသော ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ပြုလုပ်ပေးသည့် တြိဂံချွန်းထိပ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြည်သူများ မျက်စိပသာဒရှိစေရန် ရောင်စုံပန်းအမျိုးမျိုးနှင့် လမ်းမီးတိုင်များ အလှဆင်ပေးထားပါသည်။ ယခုအခါ အဆိုပါ တြိဂံချွန်းဘေး လမ်းမပေါ်တွင် ဖျာပုံ-ရန်ကုန် ခရီးသည်တင် တက္ကစီကားလေးများ ဂိတ်ထိုး၍ စည်းကမ်းမဲ့ ပြေးဆွဲနေသည်ကို တွေ့ရှိနေရသည်။

အဆိုပါ ယာဉ်လိုင်းများရှိ ခရီးသည်တင် တက္ကစီကားများနှင့် မှန်လုံကားများသည် ဖျာပုံမြို့အဝေးပြေးကားဝင်းအတွင်း သတ်မှတ်ဂိတ်ပိုင်နေရာများမှ ပြေးဆွဲစေရန် စီစဉ်ပေးထားသော်လည်း ယခုအခါ ခရီးသည်ရရှိ ရေးအတွက် ဦးစားပေးပြီး အဝေးပြေးကားဝင်းကြီး အတွင်း ခရီးသည်တင်ပြေးဆွဲခြင်း မပြုဘဲ နံနက်စောစော ၆ နာရီခန့်မှစတင်၍ အချိန်အခါမရွေး တြိဂံချွန်းဘေးပတ်လည် ကားလမ်းမပေါ်ရှိ ယာဉ်မရပ်ရနေရာတွင် ဂိတ်ထိုးပြေးဆွဲနေသဖြင့် ခရီးသွားပြည်သူများ၏ ယာဉ်များနှင့် မြို့နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများအတွက် ယာဉ်ကြောပိတ်ဆို့၍ ယာဉ်အန္တရာယ် ကြုံတွေ့နေရကြောင်း သိရသည်။



"ကျွန်တော်တို့ဖျာပုံမြို့က ဖျာပုံ-ရန်ကုန်ခရီးသွားယာဉ်လိုင်းတွေ တော်တော်များပါတယ်။ မှန်လုံကားတွေ၊ တက္ကစီကားလေးတွေပြေးဆွဲနေတာ ယာဉ်လိုင်းပေါင်း ၁၀ လိုင်းကျော်ခန့် ရှိပါတယ်။ ယာဉ်လိုင်းတွေများပြီး ကားအစီးရေများလာလို့ ခရိုင် အုပ်ချုပ်ရေးမှူးက မြို့မိမြို့ဖတွေ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်တွေနဲ့ ဌာနဆိုင်ရာတွေပူးပေါင်းပြီး အဝေးပြေးကွင်းကြီးကို အဆင့်မြင့်ပြင်ဆင်ပေးနေပါတယ်။ သတ်မှတ်စည်းကမ်းတွေကိုလည်း ချမှတ်ပေးပြီး သက်ဆိုင်ရာ ဂိတ်နေရာတွေမှာ စည်းကမ်းတကျပြေးဆွဲဖို့ လုပ်ပေးနေတာပါ။ ဒါကို စည်းကမ်းမဲ့ကျူးကျော်ပြီး အများပြည်သူအသုံးပြုနေတဲ့ တြိဂံချွန်းထိပ်လိုနေရာမှာ ဂိတ်ထိုးပြီး ခရီးသည်တင် ပြေးဆွဲနေတာခရိုင်မြို့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့အပြင် ပြည်သူတွေအတွက် ယာဉ်ကြောပိတ်ဆို့ပြီး ယာဉ်အန္တရာယ်ဖြစ်စေနိုင်လို့ သက်ဆိုင်ရာတာဝန်ရှိဌာနဆိုင်ရာတွေနဲ့ အဖွဲ့အစည်းတွေပူးပေါင်းပြီး အမြန်ဆုံး အရေးယူဆောင်ရွက်ပေးဖို့လိုအပ်နေပါပြီ"ဟု မြို့မိမြို့ဖတစ်ဦးက ပြောသည်။

**(ဝ၇၁)**



# သီပေါမြို့နယ်အတွင်းရှိ စွန့်လွှတ်မြေများ မူလတောင်သူများသို့ ပြန်လည်ပေးအပ်

**သီပေါ ဩဂုတ် ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်အတွင်းရှိ တပ်မတော်က ပြန်လည်အပ်နှံသည့် စွန့်လွှတ်မြေများအပေါ် တောင်သူများစိုက်ပျိုးမြေအဖြစ်အသုံးပြုရန် ယာယီလုပ်ပိုင်ခွင့်ပေးအပ်ပွဲကို ဩဂုတ် ၁၅ ရက် ညနေ ၃ နာရီက မြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး လယ်ယာမြေနှင့်ပတ်သက်သည့် ဥပဒေပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ် အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးထွဲမောင်နှင့် တာဝန်ရှိသူများက တပ်ရင်းတပ်ဖွဲ့များအလိုက် ပြန်လည်စွန့်လွှတ်မြေဧရိယာဧက ၁၉၅၀ ကို တောင်သူ ၂၉၇ ဦးသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို ပေးအပ်ခဲ့ကြောင်းသိရသည်။

**စိုင်း(သီပေါ)**



ပြည်တွင်းသတင်း





အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းမြို့ ကျီးနီကန်အား စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✲ ကျောဖုံးမှ

အဆိုပါဒေသသည် စိုက်ပျိုးရေးကိုအခြေခံသော ဒေသတစ်ခု ဖြစ်သော်လည်း မိုးရွာသွန်းမှု နည်းပါးသဖြင့် ဆည်/ကန်များကို အားထား စိုက်ပျိုးရသောကြောင့် ယခုလို နိုင်ငံတော်အစိုးရက သီးသန့်ရန်ပုံငွေမှ ကျီးနီကန်သဲနုန်းများကို ပြန်လည်တူးဖော်ပေးသောကြောင့် ရမည်းသင်းတစ်မြို့နယ်လုံးရှိ ပြည်သူအပေါင်းက အထူးကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း၊ ယခုလို ဆောင်ရွက်ပေးခြင်းသည် ယင်းတို့မျိုးဆက်ကိုသာမက သားသမီး၊ မြေး၊ မြစ် ဆွေခုနစ်ဆက်ကိုပါ စောင့်ရှောက်ပေးရာရောက်ကြောင်း သိရသည်။

ယင်းနေ့ နံနက်ပိုင်းက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ တောင်းဆိုမှုအရ ကျောက်ဆည်ကန်သို့ သွားရောက်ကြည့်ရှုခဲ့ရာ ယခုလက်ရှိ ကန်ပေါင်ထိပ် အကျယ် ၁၀ ပေ၊ အများဆုံး ရေအနက် ၈ ဒသမ ၃ ပေ၊ ရေလှောင်ပမာဏ ၃၁၁၅ ဧကပေ၊ ကန်ရေပြည့်ဧရိယာဧက ၇၆၀၊ သီးနှံစိုက်ပျိုးနိုင်မှု မိုးစပါး ၁၇၆၅ ဧက၊ နွေစပါး ဧက ၃၅၀ ဖြစ်ကြောင်း၊ ကျောက်ဆည်ကန်အတွင်းရှိ သဲနုန်းများကို ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပါက ကန်ပေါင်ထိပ် အကျယ် ၂၄ ပေ၊ အများဆုံး ရေအနက် ၁၅ ပေ၊ ရေလှောင်ပမာဏ ဧက ပေ ၁၀၆၉၀ ဖြစ်အောင် ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ပါက ၁၆ ဘီလီယံခန့် ကုန်ကျနိုင်ကြောင်း၊ ကန်ပြုပြင်ပြီးပါက မိုးစပါး စိုက်ဧက ၄၃၀၀ ဧကနှင့် နွေစပါး စိုက်ဧက ၉၀၀ အထိ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ကျောက်ဆည်ကန်ကို ရှေးမြန်မာမင်းများက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၈၉၁ ခုနှစ်တွင် အင်္ဂလိပ်အစိုးရက အနည်းငယ်ပြုပြင်မှုများသာ ရှိခဲ့ကြောင်း၊ ယခုချိန်ထိ နှစ်ပေါင်း ၁၂၅ နှစ်ကျော်ခန့်ကြာမြင့်ပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောက်ဆည်ကန်ကို သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးပါရန် ဒေသခံပြည်သူများက အထူးတောင့်တလျက်ရှိပြီး လုပ်ငန်းခွင် အဆင်ပြေချောမွေ့စေရေးအတွက် စောင့်ရှောက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

အလားတူ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ပေးရာတွင် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်တွင်တည်ရှိသော ၁၈၇၈ ခုနှစ်က တူးဖော်ခဲ့သည့် ပဲခူး-စစ်တောင်းတူးမြောင်းသည် တူးမြောင်းအလျား ၃၇ မိုင် ၇ ဖာလုံ ရှည်လျား၍ နှစ်ပေါင်း ၁၃၆ နှစ် ကြာမြင့်ပြီဖြစ်သဖြင့် နုန်းပို့ချမှုကြောင့် တိမ်ကောလာပြီး ရေသိုလှောင်နိုင်စွမ်း၊ ထိန်းထားနိုင်စွမ်း လျော့နည်းလာခြင်းတို့ကြောင့် မိုးရာသီ ရေပြည့်ရေလျှံမှုကြုံတွေ့နေရမှုတို့မှ ကင်းဝေးစေရန်အတွက် နိုင်ငံတော်အစိုးရက သီးသန့်ရန်ပုံငွေမှ ငွေကျပ်သန်း ၂၅၀၀၀ အကုန်အကျခံ အဆင့်မြှင့်တင်ပြုပြင်ပေးခဲ့သောကြောင့် စိုက်ပျိုးရေလုံလောက်စွာရရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ခြင်းနှင့် ရေဘေးအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တူးမြောင်းတူးဖော်ခြင်း လုပ်ငန်းကို ယခုနှစ်မေလအတွင်း ပြီးစီးခဲ့သဖြင့် အကျိုးပြုဧရိယာ ၄၄၉၉၈ ဧကအထိ စိုက်ပျိုးရေ ကောင်းစွာ ရရှိစိုက်ပျိုးနိုင်လျက်ရှိသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အမျိုးသားကြီးပွားတိုးတက်ရေး၊ ရွှေတူးဖော်ထုတ်လုပ်မှု လီမိတက်က ဆောက်လုပ်လှူဒါန်းသော ပျဉ်းမတောကျေးရွာအုပ်စုရှိ ကျေးရွာပြည်သူများ အသုံးပြုသည့် နဝင်းချောင်းကို ဖြတ်ကူးသော သံကူကွန်ကရစ်တံတားဖွင့်ပွဲသို့တက်ရောက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တာဝန်ရှိသူများနှင့်အတူ တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ တံတားဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယခုဖွင့်လှစ်သော နဝင်းချောင်းဖြတ်ကူးတံတားသည် နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် တံတားတစ်ခုပင်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးသည် နိုင်ငံရေး တန်ဖိုးအရသော်လည်းကောင်း၊ စီးပွားရေးတန်ဖိုးအရ သော်လည်းကောင်း၊ လူမှုရေးတန်ဖိုးအရသော်လည်းကောင်း၊ လွန်စွာအကျိုးကျေးဇူးကြီးမားပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမှသာ နယ်မြေချင်းထိစပ်ပြီး ယင်းဒေသများရှိ ပြည်သူများ အချင်းချင်း ရင်းနှီးကျွမ်းဝင်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးအရ ထုတ်ကုန်များကိုလည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ လူမှုရေးအရ ပညာရေး၊ ကျန်းမာရေး တိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ ရွှေတောင်ကြီးတံတားကို ငွေကျပ်သိန်းပေါင်း ၁၇၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြင့် ရမည်းသင်းမြို့နယ်အတွင်းရှိ ဓမ္မပါလ၊ သာယာအေး၊ ပျဉ်းမတောနှင့် ကံရိုးကြီး ကျေးရွာတို့မှ ဒေသထွက်ကုန်များကို အခက်အခဲမရှိ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Federal Service For Military Technical Cooperation of Russia ဥက္ကဋ္ဌ အလက်ဇန္ဒားဖိုမင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ဩဂုတ် ၁၇ ရက် ညနေပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့မှ ပြန်လည်ထွက်ခွာလာခဲ့ရာ ယနေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဆန်းဦးနှင့် ရန်ကုန်တပ်နယ်မှ တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (မြဝတီ)

# အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၈**

ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ SMEs Development Department (Yangon) အမှတ် (၃၅ ဘီ၊ ၁၅) တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့တွင် ဆရာကြီး ဒေါက်တာ အောင်ထွန်းသက်က Promoting Entrepreneurship and Innovative SMEs ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသည့် SME လုပ်ငန်းရှင်များ တက်ရောက်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးတွင် သတင်းရယူကြမည့် မီဒီယာများအား ဝင်ခွင့်ကတ်များ ထုတ်ပေးမည်

**နေပြည်တော် ဩဂုတ် ၁၈**

(၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေး (46th ASEAN Economic Ministers' Meeting -AEM )နှင့်ဆက်စပ်အစည်းအဝေးများကို ဩဂုတ် ၂၅ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁)၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အွန်လိုင်းမှတ်ပုံတင်စာရင်းသွင်း ဆောင်ရွက်ထားသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအတွက် ဝင်ခွင့်ကတ်များကို နေပြည်တော်ရှိ Sky Palace Hotel ၌ ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ထုတ်ပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသောဒေသများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့သည့်ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူ

**နေပြည်တော် ဩဂုတ် ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာ ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများနှင့် နိုင်ငံတော်က ထုတ်ပြန်ထားသော ဒေသစရိတ် ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများမှ ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ ခေါ်ယူထားသည်။

သတ်မှတ် အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ဆေးသိပ္ပံပညာ ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာ ဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

# ယူကရိန်းတပ်ဖွဲ့ဝင်များ အရပ်ဘက်နေရာများကို တိုက်ခိုက်နေဟုဆို လူဟန့်(ခ်)ရဲဌာနချုပ်ကို ယူကရိန်းတို့ပြန်လည်ရယူ

**ကိယက်ဗ် ဩဂုတ် ၁၈**

ယူကရိန်းတပ်မတော်က ရုရှားလိုလားသော ခွဲထွက်ရေးသမားများအား အကြီးအကျယ် ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိရာ ယူကရိန်းနိုင်ငံအရှေ့ပိုင်းဒေသအချို့ရှိ လူနေရပ်ကွက်များနှင့် အရပ်ဘက်အဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်နေကြောင်း ပရက်စ်တီဗွီသတင်းများက ဖော်ပြသည်။

ယူကရိန်းအစိုးရတပ်များက အဆိုပါဒေသ၌ ကျောင်းများနှင့်ဆေးရုံများကိုပင် အလွတ်မပေးဘဲ စစ်ရေးဆင်နွှဲခဲ့သည်ဟု ဆိုသည်။ အစိုးရတပ်များ တိုက်ခိုက်မှုကြောင့် ကျောင်းများ၌ ကျောင်းဆရာမရှိဘဲဖြစ်နေကြောင်း ပရက်စ်တီဗွီနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဖော်ပြသည်။

ကိယက်ဗ်အစိုးရက တိုက်ခိုက်မှုအပြီး ကျောင်းအဆောက်အအုံပျက်စီးသွားမှုအပေါ် ရန်ပုံငွေမတည်ပေးခြင်းမရှိကြောင်း ပရက်စ်တီဗွီမှ ဆဗက်လမ်းနားဗစ်ကို ရိုနားက ပြောသည်။

"ကျွန်မဘယ်သွားလို့ ဘာလုပ်ရမှန်းတောင်မသိတော့ဘူး။ လူတိုင်းက ဒီဒေသကနေထွက်ခွာနေကြတာ။ ဒါပေမယ့် အားလုံးကတော့ ကိုယ့်အိမ်ကိုယ်ပြန်ချင်နေကြတာပါ"ဟု သူမက ပြောသည်။

ယူကရိန်းအစိုးရတပ်များနှင့် ရုရှားလိုလားသော ခွဲထွက်ရေးသမားများအကြား တိုက်ပွဲဖြစ်ပွားပြီးနောက် ကျေးရွာနေပြည်သူ ၈၀ ရာခိုင်နှုန်းထွက်ပြေးကြရကြောင်း ဒေသခံတစ်ဦးက ပရက်စ်တီဗွီသို့ပြောသည်။ ယူကရိန်း



တပ်ဖွဲ့ဝင်များက ဧပြီလကတည်းက ရုရှားလိုလားသော ခွဲထွက်ရေးသမားများလက်အောက်သို့ ကျရောက်ခဲ့သော လူဟန့်(ခ်)မြို့ရှိ ရဲဌာနချုပ်ကို ပြန်လည်ထိန်းချုပ်နိုင်ပြီဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

## အင်ဒိုနီးရှား၌ စက်လှေနစ်မြုပ် ပြည်ပခရီးသွားနှစ်ဦး ပျောက်ဆုံးနေ

**ဂျကာတာ ဩဂုတ် ၁၈**

အင်ဒိုနီးရှား အရှေ့ပိုင်းကမ်းလွန်ပင်လယ်ပြင်၌ စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ နိုင်ငံခြားသားခရီးသွား နှစ်ဦး ပျောက်ဆုံးနေဆဲဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသား လမ်းညွှန် တစ်ဦး၊ ဝန်ထမ်းလေးဦးနှင့် နိုင်ငံခြားသား ခရီးသွား ၂၀ စီးနင်းလိုက်ပါလာသော ၎င်းစက်လှေသည် Sang eamg Apc အနီး၌ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်စဉ်၌ ၁၀ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ဩဂုတ် ၁၇ ရက် အစောပိုင်းက ဝန်ထမ်းအားလုံးအပါအဝင် အခြား ၁၃ ဦးကို အသက်ရှင်လျက်တွေ့ရှိခဲ့သည်။ ၎င်းတို့သည် ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိပြီး ပျောက်ဆုံးနေသူများကို ရှာဖွေမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။ အဆိုပါ စက်လှေသည် Lombok ကျွန်းမှ ကိုမိုဒိုကျွန်းသို့ ခုတ်မောင်းလာစဉ် သန္တာကျောက်တန်းနှင့်တိုက်မိကာ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

**(ဘီဘီစီ)**

## လစ်ဗျားမြို့တော်၌ ပြည်သူ့စစ်များအကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားနေ

**ထရီပိုလီ ဩဂုတ် ၁၈**

လစ်ဗျားနိုင်ငံတွင် အပစ်အခတ်ရပ်စဲရေး နိုင်ငံတကာက မေတ္တာရပ်ခံပြောဆို နေချိန်တွင် မြို့တော်ထရီပိုလီ၌ ပြိုင်ဘက်ပြည်သူ့စစ်များအကြား အပြန်အလှန်ပစ်ခတ်မှုများဖြင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ပြည်သူ့စစ်များက လွန်ခဲ့သောတစ်လကျော်က မြို့တော်ကို ထိန်းချုပ်ထားသော အခြားတပ်ဖွဲ့ထံမှ ဒေသတစ်ခုကို ပြန်လည်ရယူရန် ကြိုးစားရာမှ တနင်္ဂနွေနေ့တွင် တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့သည်။

လစ်ဗျားနိုင်ငံ၏ အဓိကလေဆိပ်အနီး တိုက်ပွဲအပြင်းအထန်ဖြစ်ပွားလျက်ရှိရာ လက်နက်ကြီး၊ လက်နက်ငယ်များ၏ ပစ်ခတ်သံများ၊ အမြောက်သံ၊ ဗုံးသံများ တစ်နေကုန်ကြားနေရသည်ဟု ဆိုသည်။

အာဏာရှင်ဟောင်း မွမ်မာကဒါဖီအား ၂၀၁၁ ခုနှစ်က ဖြုတ်ချပြီးကတည်းက အဆိုပါလေဆိပ်ကို ဇင်တန်မြို့မှ ပြည်သူ့စစ်များက ထိန်းချုပ်ထားသည်။ ၎င်းတို့နှင့် ဇူလိုင် ၁၃ ရက်မှ စတင်ကာ မီဆန်တာမြို့မှ ပြည်သူ့စစ်များနှင့် တိုက်ပွဲဖြစ်ပွားလျက်ရှိသည်။

အဆိုပါ မြို့တော်တိုက်ပွဲအခြေအနေကြောင့် လစ်ဗျားတစ်နိုင်ငံလုံး လုံခြုံရေးကို ခြိမ်းခြောက်ခံနေကြရသည်။ လူအများ၏လုံခြုံရေးစိုးရိမ်နေကြရသည်။ **(ပရက်စ်တီဗွီ)**

## တောင်ကိုရီးယားနှင့်အမေရိကန်ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်



**ဆိုးလ် ဩဂုတ် ၁၈**

တောင်ကိုရီးယားနှင့်အမေရိကန် ပူးပေါင်းစစ်ရေး လေ့ကျင့်မှုတစ်ခု စတင်ခဲ့ပြီ ဖြစ်သည်။

အဆိုပါနှစ်ပတ်လည် စစ်ရေးလေ့ကျင့်မှုကို ဩဂုတ် ၁၈ ရက်မှ ၂၉ ရက်ထိ ပြုလုပ်မည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောခဲ့သည်။ ထောင်ပေါင်းများစွာသော တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့ဝင်များပါဝင်မည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုကို ပြုံယမ်းအရာရှိများက ဒေါသထွက်နေကြသည်။

၎င်းစစ်ရေးလေ့ကျင့်မှုသည် ကျူးကျော်နယ်ချဲ့ရန်အတွက် ပြုလုပ်ခြင်းဖြစ်သည်ဟု မြောက်ကိုရီးယားဘက်က ပြောကြားခဲ့သည်။ ပြုံယမ်းအနေဖြင့် အမေရိကန်တို့ပါဝင်ပတ်သက်သည့် ၎င်းစစ်ရေးလေ့ကျင့်မှုအင်အားကို သိရှိရန် လေ့လာမှုပြုလုပ်မည်ဖြစ်သည်။

ကိုရီးယားနိုင်ငံ ငြိမ်းချမ်းစွာ ပေါင်းစည်းရေး မြောက်ကိုရီးယား ကော်မတီဝင် ကြာသပတေးနေ့ ထုတ်ပြန်ချက်တွင် တောင်ကိုရီးယားနိုင်ငံသည် နှစ်နိုင်ငံဆက်ဆံရေးကို အမှန်တကယ်တိုးတက်စေလိုပါက စစ်ရေးလေ့ကျင့်မှုကို ဖျက်သိမ်းသင့်ကြောင်း၊ စစ်ရေးလေ့ကျင့်မှုသည် ကိုရီးယားကျွန်းဆွယ်ကို ချောက်ကမ်းပါးစွန်းသို့ ကျစေနိုင်ပြီး နျူးကလီးယားစစ်ပွဲ အန္တရာယ်ဖြစ်ပွားစေနိုင်သည်ဟု ဆိုသည်။

ယခုအစောပိုင်းကလည်း ပြုံယမ်းက စစ်ရေးလေ့ကျင့်မှုအပေါ် အရေးပေါ်ညီလာခံကျင်းပရန် ကုလသမဂ္ဂကို ဆော်ဩတိုက်တွန်းခဲ့သည်။ ကုလသမဂ္ဂဆိုင်ရာ မြောက်ကိုရီးယားသံအမတ်ကြီးရီတန်က နျူကလီးယားလက်နက် တပ်ဆင်ထားသော ရေငုပ်သင်္ဘောများကို တောင်ကိုရီးယားသို့ ယူဆောင်လာခြင်းသည် နျူကလီးယားဆိုင်ရာ ခြိမ်းခြောက်မှုပြုလုပ်ခြင်းဖြစ်သည်ဟု ဝါရှင်တန်ကို စွပ်စွဲပြောဆိုခဲ့သည်။

ထို့ပြင် ၎င်းက ပြုံယမ်းဒုံးကျည်စမ်းသပ်မှုအပေါ် ပြစ်တင်ရှုတ်ချခဲ့ပြီး ဝါရှင်တန်နှင့်ဆိုးလ်တို့၏ ကိုရီးယားကျွန်းဆွယ်ကမ်းလွန်၌ရန်လိုသည့် စစ်ရေးလေ့ကျင့်မှုကို လျစ်လျူရှုခဲ့သည့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ သဘောထားများကိုလည်း စွပ်စွဲခဲ့သည်။ **(ပရက်စ်တီဗွီ)**

## အမေရိကန်လေကြောင်း တိုက်ခိုက်မှု အီရတ်စစ်သွေးကြွများ၏ စစ်ယာဉ်များပျက်စီး

**ဝါရှင်တန် ဩဂုတ် ၁၈**

အမေရိကန်စစ်လေယာဉ်များက အီရတ်မြောက်ပိုင်း မိုဆူးလ်ရေလှောင်တမံအနီး စစ်သွေးကြွများအား လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွများ၏ စစ်ဘက်ယာဉ် ၁၀ စင်းကို ဖျက်ဆီးပစ်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အမေရိကန် တိုက်လေယာဉ် တစ်စင်းက လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးနိုင်ရန် ရည်ရွယ်လျက် ၁၄ ကြိမ်တိုင်တိုင် လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းကဲ့သို့ တိုက်ခိုက်ခြင်းမှာ အမေရိကန်တို့၏ အကျိုးစီးပွားကို ကာကွယ်ခြင်းလည်းဖြစ်ကြောင်း အမေရိကန် စစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်။

အိုင်ဆစ် တပ်ဖွဲ့ဝင်များ၏ စစ်ဘက်ယာဉ် ၁၀ စင်း၊ ဟမ်းဘီးယာဉ်ခုနစ်စင်း၊ တပ်ဖွဲ့ဝင်များ တင်ဆောင်သည့် ယာဉ်နှစ်စီးနှင့် စစ်ဆေးရေးဂိတ်တစ်ခု ပျက်စီးသွားခဲ့သည်။ **(ဆင်ဟွာ)**

# ကာ့ဒ်တိုက်ခိုက်ရေးသမားများ မိုဆူးလ်တမံပြန်လည်ရယူရေးကြိုးစား အမေရိကန်က လေကြောင်းမှပစ်ကူတိုက်ခိုက်ပေး



မိုဆူးလ်ရေလှောင်တမံအနီး ကာ့ဒ်တိုက်ခိုက်ရေးသမားတစ်ဦး တိုက်ပွဲဝင်နေစဉ်။

**ဒိုဟွတ်(အီရတ်) ဩဂုတ် ၁၈**

ကာ့ဒ်တိုက်ခိုက်ရေးသမားများက အီရတ်မြောက်ပိုင်း နေရာအတော်များများကို သိမ်းပိုက်ထားသော အိုင်ဆစ် အကြမ်းဖက်သမားများထံမှ အီရတ်နိုင်ငံ၏ အကြီးဆုံး ရေလှောင်တမံကို ပြန်လည်ရယူရန် တနင်္ဂနွေနေ့က ပြန်လည်ကြိုးစားလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

အစ္စလာမ္မစ်စစ်သွေးကြွများသည် မကြာသေးမီ သီတင်းပတ်များက မိုဆူးလ်မြို့ ရေလှောင်တမံကြီးနှင့် ရေနံလုပ်ကွက်များ၊ မြို့ငယ်များကို သိမ်းပိုက်ထားသည်။ အဆိုပါ ရေလှောင်တမံကြီးသည် အီရတ်မြို့များကို ရေကြီးမှုဖြစ်အောင်လည်း လုပ်နိုင်သလို ရေနှင့်လျှပ်စစ်ဓာတ်အားများဖြတ်တောက်ပစ်ရန်လည်း ပြုလုပ်နိုင်သည်ဟု ဆိုသည်။

ကာ့ဒ်တိုက်ခိုက်ရေးသမားများအနေဖြင့် အဆိုပါ ရေလှောင်တမံကြီးကို ပြန်လည်ရယူနိုင်ခြင်းမရှိသေးသော်လည်း အနီးဝန်းကျင်ဒေသများကို ပြန်လည်ထိန်းချုပ်နိုင်ပြီဟု ဆိုသည်။

စစ်သွေးကြွများက ဒေသခံပြည်သူများအား အဆိုပါဒေသမှ အမြန်ဆုံးထွက်ခွာကြရန် တိုက်တွန်းထားကြောင်း အဆိုပါဒေသ၌အလုပ်လုပ်နေသော အင်ဂျင်နီယာတစ်ဦးက ပြောသည်။

စစ်သွေးကြွများအနေဖြင့် အဆိုပါရေလှောင်တမံဝင်ထွက်ရာ လမ်းများတစ်လျှောက်တွင် လမ်းဘေးထောင်ဗုံးများ ထောင်ထားကြောင်း၊ အမေရိကန်တို့က ကာ့ဒ်တိုက်ခိုက်ရေးသမားများအား လေကြောင်းမှ ကူတိုက်ပေးနေကြောင်း အဆိုပါ အင်ဂျင်နီယာက ပြောသည်။

၂၀၁၁ ခုနှစ် အမေရိကန်တပ်များရုပ်သိမ်းသွားပြီးနောက် ပထမဆုံးအကြိမ် အမေရိကန်လေယာဉ်များကို အီရတ်နိုင်ငံအပေါ် ဖြန့်ကြက်ထားသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း အမေရိကန်လေယာဉ်များက မိုဆူးလ် ရေလှောင်တမံကို ပစ်မှတ်ထား ပစ်ကူတိုက်ခိုက်ပေးလျက်ရှိသည်ဟု ဆိုသည်။

**(ရိုက်တာ)**

ပြည်တွင်းသတင်း

## လူကုန်ကူးခံရသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွေ့ဆုံအားပေး

ရန်ကုန် ဩဂုတ် ၁၈

ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံတို့တွင် လူကုန်ကူးခံရပြီး နေရပ်သို့ ပြန်လည်ရောက်ရှိလာသည့် လူကုန်ကူးခံရသူ ၃၂ ဦးတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က တွေ့ဆုံအားပေးစကား ပြောကြားခြင်းနှင့် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် ညနေ ၅ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M 3 Food Center ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အဖွင့်အမှာစကားပြောကြားပြီး လူကုန်ကူးခံရသူ တစ်ဦးချင်းစီနှင့် မိတ်ဆက်ကာ လူကုန်ကူးခံရသူ ၃၂ ဦးတို့ကို တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် တစ်သိန်းစီ ပေးအပ်ခဲ့သည်။ ထို့နောက် လူကုန်ကူးခံရသူ ခုနစ်ဦးက ၎င်းတို့၏ တွေ့ကြုံခံစားရသည့် အဖြစ်အပျက်များကို ပြန်လည်ပြောကြားခဲ့သည်။



လူကုန်ကူးခံရပြီး နေရပ်သို့ ပြန်လည်ရောက်ရှိလာသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ အဖွဲ့ဝင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ထောက်ပံ့ငွေများပေးအပ်စဉ်။

အဆိုပါထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးလင်းကိုကို၊ World Vision, AAPTIP, Save the Children တို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ဟိုပန်မြို့၌ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ဟိုပန် ဩဂုတ် ၁၈

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့၌ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင် (ဒုတိယညွှန်ကြားရေးမှူး)က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖေသက်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်တို့က မူးယစ်ဆေးဝါး ဆိုးကျိုးနှင့် ပြစ်မှုပြစ်ဒဏ်များကို အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ပြည်သူများ၊ ရပ်/ ကျေးစာရေးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြည်-အောင်လံ ကားလမ်း၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား ကျောင်းဆရာမနှစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရ

ရန်ကုန် ဩဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်-အောင်လံကားလမ်း မိုင်တိုင်အမှတ် ၁၈၉ မိုင် ၁ ဖာလုံနှင့် ၁၈၉ မိုင် ၂ ဖာလုံကြား တုံးရေသစ်တောကြိုးဝိုင်း အနီး၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ အဆိုပါယာဉ်ပေါ်ပါလာသည့် မြောက်နဝင်းရွာသစ်၊ အထက်တန်းကျောင်းမှ ကျောင်းဆရာမနှစ်ဦး သေဆုံးခဲ့ပြီး ကျောင်းဆရာမ ခြောက်ဦးနှင့် ဘုန်းတော်ကြီးတစ်ပါးဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်မှာ ဩဂုတ် ၁၄ ရက် ညနေ ၃ နာရီက ကျော်စွာခေတ်မြေဩဇာစက်ရုံမှ ပြည်မြို့သို့ ယာဉ်မောင်း အောင်ကျော်မိုး ရွှေတံခါးအပိုင်း-၂ (၄) လမ်းနေသူ မောင်းနှင်လာသော ၆ခ/.... Light Ace Nissan အဖြူရောင် မာစတာယာဉ်လိုင်းသည် ကားလမ်း၏ယာဘက်လမ်းမှမောင်းနှင်လာပြီး ဝဲဘက်လမ်းဘက်သို့ ရောက်ရှိသွားကာ လမ်းဘေးရှိသစ်ပင်နှင့် တိုက်မိတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါသူများအနက် မြောက်နဝင်းရွာသစ် အထကကျောင်းမှ ကျောင်းဆရာမ ဒေါ်အေးမြင့် ဝက်ထီးကန်နေသူနှင့် ကျောင်းဆရာမ ဒေါ်အေးသန္တာဦး မိန်းမရဲရွာ ပြည်မြို့နယ်နေသူတို့သည် ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

အောင်လံမြို့နယ် ကျော်စွာဘုန်းတော်ကြီးကျောင်းနေ ဆရာတော် ဦးကေသရ၊ သံဗိုလ်ရပ် ဝက်ထီးကန်နေ ကျောင်းဆရာမ ဒေါ်ဇွန်နွေးနွေးအောင်၊ ပြည်မြို့နေ ဒေါ်သစ်သစ်လှိုင်၊ ခေတ္တရာမြို့သစ် ၅/၁၃ လမ်း ပြည်မြို့နေ ဆရာမဒေါ်မင်းမင်းမိုး၊ နဝင်းရဲရိပ်သာအနီး ဝါရုံရပ်ကွက် ပြည်မြို့နေကျောင်းဆရာမ ဒေါ်ခင်ညိုညိုတို့တွင် ဒဏ်ရာများရရှိခဲ့ကြသဖြင့် ပြည်မြို့အထွေထွေရောဂါကု ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြရပြီး ရွှေတောင်ကြားလမ်း ရတနာမာရ်အောင်ရပ်ကွက် ပြည်မြို့နေ ကျောင်းဆရာမဒေါ်နှင်းသီရိနိုင်နှင့် နဝင်းကံဖျားရပ်ကွက်၊ ဝက်ထီးကန်နေ ကျောင်းဆရာမ ဒေါ်မေသရဖီဝင်းတို့ နှစ်ဦးမှာ ဒဏ်ရာပြင်းထန်သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ သွားရောက်ဆေးကုသမှုခံယူနေကြောင်း ပြည်ဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်း အောင်ကျော်မိုးကို ပြည်မြို့အမှတ်(၃) ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းလွင်(ပြည်)**

## လွိုင်ကော်နှင့် ဖားကန့်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၈

ဩဂုတ် ၁၆ ရက်က မူးယစ်တပ်ဖွဲ့စု (၂၀) လွိုင်ကော်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်



မောင်စိုးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

လွိုင်ကော်မြို့နယ် ချိကယ်ကျေးရွာအုပ်စု ဒေါတခြား(ပအိုဝ်း)ကျေးရွာနေ မောင်စိုး၏နေအိမ်ကို ရှာဖွေရာ အိပ်ခန်းကြမ်းခင်းပေါ်ရှိ ဝါးပလိုင်းအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၄၂ ပြား ဖမ်းဆီးရမိသဖြင့် မောင်စိုး (၅၃ နှစ် ) ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိသည်။

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဆိပ်မူအုပ်စု၊ ဘွမ်ဘရာကုန်း ရပ်ကွက်(၁) အမှတ်(၁/၄၀၁) နေ မနှင်းနှင်းအေး၏နေအိမ်အားရှာဖွေရာ အိမ်သာရှေ့ အုတ်ခုံအောက်မှ 88 နှင့် 1 စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀ ဖမ်းဆီးရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ဖားကန့်မြို့နယ် ယူမာကျေးရွာအနီး ကျောက်စိမ်းမင်းကုမ္ပဏီ ညစောင့် ရန်လုံစိမ်းထံမှဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ကျောက်စိမ်းမင်းကုမ္ပဏီသို့ သွားရောက်ရှာဖွေရာ မူးယစ်ဆေးဝါး တစ်စုံတစ်ရာမတွေ့ရှိရဘဲ မြန်မာငွေကျပ် ၁၅ သိန်းနှင့်အတူ ရန်လုံစိမ်းအား ဖမ်းဆီးရမိခဲ့သည်။ သတင်းကွင်းဆက်ဖော်ထုတ်ချက်အရ ဖားကန့်မြို့နယ်ဆိပ်မူအုပ်စု မနကျေးရွာနေ လျှိုကွမ်းကွေ့၏နေအိမ်အား ဆက်လက်ရှာဖွေရာ မီးဖိုချောင်မြေကြီးအတွင်းမှ ကြွပ်ကြွပ်အိတ်ဖြင့် ထည့်လျက် 88 နှင့် 1 စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် မနှင်းနှင်းအေး (၄၅ နှစ်)၊ ရန်လုံစိမ်း (၃၁ နှစ်)နှင့် လျှိုကွမ်းကွေ့(၂၄ နှစ်)တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိသည်။



လင်းဟိန်းနှင့်အိုက်အောင်တို့အား ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



မနှင်းနှင်းအေး၊ ရန်လုံစိမ်းနှင့်လျှိုကွမ်းကွေ့တို့အား ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

ဩဂုတ် ၁၆ ရက်က မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဆိပ်မူအုပ်စု ကျောက်သွေးတောင်ကျေးရွာအဝင် ကားလမ်းအနီးတွင် လင်းဟိန်းမောင်းနှင်သည့် ဆိုင်ကယ်ကိုရှာဖွေရာ ၎င်းဝတ်ဆင်သည့် ဝဲဘက်ဘောင်းဘီအိတ်အတွင်းရှိ ကပ်ခွာအိတ်လေးအိတ်ဖြင့်ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၊ ဆိုင်ကယ်ထိုင်ခုံအောက်အတွင်း ကပ်ခွာအိတ် ၁၆ အိတ်ဖြင့် ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ၃၂၀၀၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၉၈၀ နှင့် ဆိုင်ကယ်ရင်အုပ်ကာဘာအတွင်းမှ ပလတ်စတစ်ဖြင့် ထုပ်လျက် ၁၂ ဂရမ်စီပါ ဘိန်းဖြူ ဆပ်ပြာခွက်နှစ်ခွက်၊ စုစုပေါင်းဘိန်းဖြူ ၂၄ ဂရမ်တို့ကို ဖမ်းဆီးရမိသဖြင့် လင်းဟိန်း (၃၇ နှစ်)နှင့် အိုက်အောင်(၃၃နှစ်)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆီဆိုင်တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

ဆီဆိုင် ဩဂုတ် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် ဩဂုတ် ၁၆ ရက်က WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ဆီဆိုင်မြို့မရဲစခန်းမှူး ဒုရဲမှူးသန်းဌေးနှင့် ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သတင်းအရ မူးယစ်ဆေးဝါးရှာဖွေခွင့်ဝရမ်းဖြင့် ဆီဆိုင်မြို့နယ် အောင်ချမ်းသာရပ်ကွက်နေ ဦးမောင်ငွေ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၈၁ ပြား၊ စုစုပေါင်းအလေးချိန် ၂၈ ဒသမ ၁ ဂရမ်၊ ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၁၁၂၄၀၀၀ ကျပ်ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိ၍ အိမ်ရှင်ဖြစ်သူ ဦးမောင်ငွေနှင့် မူးယစ်ဆေးဝါးသုံးစွဲဝယ်ယူရန် ရောက်ရှိနေသူ ဦးမောင်ဦးတို့အား ဆီဆိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## မူးယစ်အန္တရာယ် တို့ဝိုင်းဝန်းကာကွယ်

## ကျန်းမာပြည့်ဝ ဘဝသုခ မူးယစ်ဆေးဆို ကင်းစင်မှ

## နောင်ချို၌ ဘိန်းဖြူများဖမ်းဆီးရမိ

လားရှိုး ဩဂုတ် ၁၈

မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုး နောင်ချိုလှုပ်ရှားအဖွဲ့သည် ဩဂုတ် ၁၇ရက် ည ၈နာရီက သက်သေများနှင့်အတူ နောင်ချိုမြို့အဝင် အေးရှားဝေါလ် တိုးဂိတ်အနီးတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်နေစဉ် သီပေါမှ မန္တလေးဘက်သို့ တင်ဘုန်းလှိုင် မောင်းနှင်လာသော နံပါတ်မပါဆိုင်ကယ်ကိုရှာဖွေရာ တင်ဘုန်းလှိုင်ခါးရှိ ခါးပတ်အိတ်အတွင်းမှ ဆပ်ပြာခွက်တစ်ခွက်လျှင် ဘိန်းဖြူမှုန့် အလေးချိန် ၁၂ ဂရမ်ခန့်စီပါ နှစ်ခွက်၊ တူးဘောက်အတွင်းမှ ဘိန်းဖြူမှုန့်အလေးချိန် ၁၂ ဂရမ်ခန့်ပါတစ်ခွက် စုစုပေါင်း သုံးခွက်၊ ဘိန်းဖြူမှုန့်အလေးချိန် ၃၆ ဂရမ်၊ ငွေကျပ် ၆၈၄၀၀၀ တွေ့ရှိရသဖြင့် စစ်ဆေးဖော်ထုတ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် မော်ခါးကျေးရွာတွင် ပြန်လည်ရောင်းချရန်ဝယ်ယူ၍ သယ်ဆောင်လာကြောင်းပေါ်ပေါက်သဖြင့် တင်ဘုန်းလှိုင် (၃၉ နှစ်) မော်ခါးကျေးရွာ ဝန်းသိုမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီးနေသူကို အရေးယူထားကြောင်းသိရသည်။

**ဘော်မြေသား (iprd)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဆေးပညာသတင်းဆန်းများ (၇၂)

## ဒေါက်တာကံညွန့်

### ပတ်ဝန်းကျင်သန့်ရှင်းမှုကျဆင်း၍ ကျန်းမာရေးထိခိုက်

ပထမဆုံးဖော်ပြလိုတဲ့ သတင်းကတော့ ပတ်ဝန်းကျင်သန့်ရှင်းမှု ကျဆင်းခြင်းဟာ ကျန်းမာရေးကို ထိခိုက်လာစေတယ်ဆိုတဲ့ သတင်းပါ။ ဒါကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ရဲ့ လေ့လာထားချက်ပါ။ ဒီအဖွဲ့ကြီးဟာ ကမ္ဘာပေါ်ရှိ မြို့ကြီးပေါင်း ၁၆၀၀ ကျော်ကို လေ့လာထားတာဖြစ်ပါတယ်။ သူတို့လေ့လာချက်အရ ၂၀၁၁ ခုနှစ်ကစပြီး ကမ္ဘာ့လေထုညစ်ညမ်းမှုဟာ ပိုဆိုးလာနေတာကိုတွေ့ရတယ်လို့ ဆိုပါတယ်။ သူတို့အဆိုအရ လေထုညစ်ညမ်းလာမှုဟာ အဆုတ်ရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါနဲ့ ကင်ဆာရောဂါတွေကို ပိုမိုဖြစ်ပွားစေတယ်လို့ဆိုပါတယ်။ ၂၀၁၂ ခု စာရင်းဇယားအရ လေထုညစ်ညမ်းမှု၊ ပတ်ဝန်းကျင်မသန့်ရှင်းမှုကြောင့် လူပေါင်း ခုနစ်သန်းခန့် သေဆုံးရတယ်လို့ ဆိုပါတယ်။ ပတ်ဝန်းကျင်သန့်ရှင်းမှု အဆိုးဆုံးမြို့ ၂၀ စာရင်းထဲမှာ အိန္ဒိယနိုင်ငံကမြို့တွေပါဝင်နေပြီး အိန္ဒိယနိုင်ငံရဲ့ မြို့တော် နယူးဒေလီဟာ ကမ္ဘာပေါ်မှာ ပတ်ဝန်းကျင်သန့်ရှင်းမှုအဆိုးဆုံး မြို့တစ်မြို့ဖြစ်နေတယ် လို့ဆိုပါတယ်။ ၎င်းတို့တိုင်းတာချက် ၁ ကုဗမီတာမှာ Small Particle (သေးငယ်တဲ့ အမှုန်အမွှား) ၁၅၃ မိုင်ကရိုဂရမ် (153 mcg)ရှိပြီး ဒါကို P.M 2.5/Cubicmetre လို့ သတ်မှတ်ကြောင်း ဖော်ပြထားပါတယ်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုစောင့်ကြည့်လေ့လာနေတဲ့ Greenpeace အဖွဲ့ကြီးရဲ့ အဆိုအရ တရုတ်နိုင်ငံ ပေကျင်းမြို့တော်ဟာ ၂၀၁၀ ပတ်ဝန်းကျင်က 900 mcgm ထိ တက်ခဲ့ပြီး အဆိုးရွားဆုံး မြို့တစ်မြို့ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ၂၀၁၃ နောက်ပိုင်း ယခုအခါမှာတော့ 89.5 mcg/Cubicmetre နဲ့ New Delhi မြို့ရဲ့အောက်ကို ရောက်သွားပြီလို့ ဆိုပါတယ်။ WHOရဲ့ သတ်မှတ်ချက်အရ P.M 2.5 ကိုစိတ်မချရတဲ့ အခြေအနေအဖြစ် သတ်မှတ်ထားပါတယ်။ ကမ္ဘာပေါ်က ပတ်ဝန်းကျင်သန့်ရှင်းမှု အကောင်းဆုံးနိုင်ငံတွေကတော့ ကနေဒါ၊ အိုက်စ်လန်နှင့် အမေရိကန်နိုင်ငံက မြို့တွေဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

### ကြွက်သားအသစ်ကုထုံး

ယခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ထိခိုက်ဒဏ်ရာတစ်ခုခုကြောင့် ကြွက်သား (Muscles) တွေ ဆုံးရှုံးပြီး မသွားနိုင် မလာနိုင်ဖြစ်နေသူတွေအတွက် ဝမ်းသာစရာသတင်းတစ်ပုဒ်ပါ။ သဘာဝအားဖြင့် ကြွက်သားဟာ ဒဏ်ရာအနာတရဖြစ်ခဲ့ရင် အနာရွတ်ပေါ်လာပြီး ကြွက်သားအသစ်မပေါ်နိုင်တော့ပါဘူး၊ ဒီလူတွေကို ကြွက်သားအသစ် ပေါ်လာနိုင်အောင် ပြုလုပ်ပေးနိုင်တဲ့ကုထုံးတစ်ခုကို အမေရိကန်နိုင်ငံ Pittsburgh တက္ကသိုလ်က ဆေးပညာရှင်တွေ ဓာတ်ခွဲခန်းတစ်ခုမှာ စမ်းသပ်ရင်း တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ၎င်းတို့ဟာ ဝက်ရဲ့ဆီးအိမ်က ECM ခေါ်တဲ့ Extracellular Matrix အသုံးပြုပြီး Stem Cell ကုထုံးနဲ့ ပူးပေါင်းစမ်းသပ်ပြီး ကုသပေးလိုက်တဲ့လူနာမှာ ကြွက်သားတွေ ပြန်လည်ဖွံ့ဖြိုးလာပြီး ယခင်က လမ်းမလျှောက်နိုင်တဲ့ လူနာဟာ လမ်းလျှောက်နိုင်ခဲ့ပြီလို့ ဆိုပါတယ်။ ဒီဝက်ရဲ့ဆီးအိမ်က ECM ကို ယခင်ကပဲ အူကျတဲ့ရောဂါ (Hernia)နှင့် အရေပြားကင်ဆာရောဂါ (Skin Cancer) ရောဂါတွေမှာ အသုံးပြုခဲ့ဖူးတာဖြစ်ပါတယ်။ Stem Cell ကုထုံးကလည်း Muscle Cells တွေကို အသစ်ပြန်ပေါ်အောင် စွမ်းနိုင်ပေမယ့် သူတို့နဲ့ အဆင်ပြေတဲ့အနေအထားရှိတဲ့ Cellsတွေနဲ့ ပေါင်းစပ်မှသာ ပိုမိုအဆင်ပြေနိုင်တာကို ဓာတ်ခွဲခန်းမှာ စမ်းသပ်ရင်း တွေ့ရှိရတာကြောင့် ဒီကုထုံးကို ဖော်ထုတ်နိုင်ခဲ့တာလို့ ဆိုပါတယ်။ ဒါကြောင့် ထိခိုက်ဒဏ်ရာအမျိုးမျိုးကြောင့် ကြွက်သားတွေ ဆုံးရှုံးရပြီး မသန်မစွမ်း ဖြစ်နေသူတွေအတွက် အားတက်စရာ သတင်းတစ်ပုဒ်အဖြစ် ဖော်ပြလိုက်ရပါတယ်။

### တရုတ်နိုင်ငံတွင် ကင်ဆာဖြစ်နှုန်းတိုးလာ

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ တရုတ်နိုင်ငံမှာ ကင်ဆာရောဂါ ဖြစ်ပွားနှုန်းတိုးတက်လာပြီး ယခုအခါ ကင်ဆာရောဂါကာကွယ်ရေးအတွက် အားသွန်ခွန်စိုက်လုပ်နေရတယ်ဆိုတဲ့ သတင်းပါ။ Clinese Ainti Cancer Association အဖွဲ့ကြီးက နှစ်စဉ် ဧပြီ ၁၅ ရက်မှ ၂၁ ရက်အထိ ရက်သတ္တပတ်ကို ကင်ဆာရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်အဖြစ်သတ်မှတ်ပြီး ကင်ဆာရောဂါအကြောင်း ပညာပေးဟောပြောခြင်း၊ Online က အမေးအဖြေပြုလုပ်ခြင်း၊ ကင်ဆာရောဂါစမ်းသပ်လိုသူတွေကို အခမဲ့စမ်းသပ်ပေးခြင်းတို့ပြုလုပ်ပေးနေပါတယ်။ ကင်ဆာရောဂါဟာ ၁၉၆၄ ခုနှစ်လောက်မှာ စတုတ္ထမြောက် အများဆုံးသေဆုံးရတဲ့ ရောဂါတစ်ခုအဖြစ်ရှိနေရာက ၁၉၇၀မှ ၁၉၈၉ ခုနှစ်အတွင်းမှာ ဒုတိယနေရာထိတက်လာပြီး ၂၀၀၇ ခုနှစ် နောက်ပိုင်းမှာတော့ ထိပ်ဆုံးနေရာကိုယူထားပြီလို့ ဆိုပါတယ်။ တရုတ်နိုင်ငံရဲ့ National Cancer Registration Centre ရဲ့မှတ်တမ်းများအရ နှစ်စဉ်ကင်ဆာဖြစ်သူဦးရေ ၃ ဒသမ ၅ သန်းထိရှိနေပြီး နှစ်စဉ်သေဆုံးရသူကတော့ ၂ ဒသမ ၅ သန်းကျော်ရှိတယ်လို့ ဆိုပါတယ်။ တရုတ်နိုင်ငံဟာ စက်မှုလုပ်ငန်းတိုးတက်လာတာနဲ့အမျှ ပတ်ဝန်းကျင် သန့်ရှင်းမှုကျဆင်းလာခြင်း၊ နိုင်ငံသားတွေရဲ့ လူနေမှုစနစ်ပြောင်းလဲလာခြင်း၊ ဆေးလိပ်အရက်သောက်သုံးမှုများလာခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်မှု နည်းပါးလာခြင်းတို့ကြောင့် ယခုလိုကင်ဆာဖြစ်နှုန်းတိုးပွားလာရတယ်လို့ Beijing City Health and Family Planning Commission ကယူဆပြီး ဒါတွေကိုသာပြုပြင်နိုင်ရင် ကင်ဆာဖြစ်နှုန်း ၄၀ ရာခိုင်နှုန်းလောက်လျော့ကျသွားနိုင်တယ်လို့ ခန့်မှန်းထားတာကို တင်ပြလိုက်ရပါတယ်။

### ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ကြိုတင်ခန့်မှန်းနိုင်ပြီ

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဗြိတိန်နိုင်ငံ Oxford တက္ကသိုလ်က ဆေးသုတေသီတွေရဲ့တွေ့ရှိချက်တစ်ခုဖြစ်ပါတယ်။ သူတို့ဟာ သက်ကြီးရွယ်အိုတွေမှာဖြစ်တတ်တဲ့ ဦးနှောက်ရောဂါတစ်ခုဖြစ်တဲ့ Parkinson's ရောဂါဖြစ်နိုင်ခြေကို ကြိုပြီးခန့်မှန်းသိနိုင်ပြီဆိုတဲ့ သတင်းပါ။ ဒီသုတေသီအတွက်ဒီရောဂါစဖြစ်နေတဲ့ လူ ၁၉ ယောက်ရဲ့ဦးနှောက်ပုံရိပ်တွေကို MRI ခေါ် Magnetic Resonance Imaging နည်းနဲ့စမ်းသပ်ပြီး ဒီပုံရိပ်တွေကို ဘာမှမဖြစ်တဲ့ လူ ၁၉ ဦးရဲ့ MRI ဦးနှောက်ပုံရိပ်တွေနဲ့ ယှဉ်ကြည့်ခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုယှဉ်ကြည့်လိုက်တဲ့အခါ Parkinson's ရောဂါစဖြစ်နေတဲ့ လူတွေရဲ့ MRI ပုံရိပ်မှာ ဦးနှောက်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ Basan Ganglia နေရာမှာဆက်သွယ်မှုနှုန်း (Connectivity) နည်းနေတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒီ MRI နည်းနဲ့ Brain Scan လုပ်ခြင်းဟာ Parkinson's ရောဂါရှိနိုင် မရှိနိုင်ကို ၉၀ ရာခိုင်နှုန်း သေချာအောင်ခန့်မှန်းနိုင်လိမ့်မယ်လို့ အမေရိကန်နိုင်ငံထုတ် US Scientific Journal မှာ ရေးသားဖော်ပြထားပါတယ်။

ဒီ Parkinson's ရောဂါဟာ ဥရောပနိုင်ငံတွေမှာအဖြစ်များပြီး ဗြိတိန်နိုင်ငံမှာဆိုရင် အသက် ၆၅ နှစ်ကျော်အရွယ် လူ ၅၀၀ မှာ တစ်ယောက်ခံစားနေရတာဖြစ်ပါတယ်။ ဒီရောဂါဖြစ်ရင် အလိုလိုနေရင်း ခြေတုန်ခေါင်းတုန်ဖြစ်လာပြီး ကြွက်သားတွေတောင့်တင်းကာ လှုပ်ရှားမှုကျဆင်းလာတတ်ပါတယ်။ အခုလောလောဆယ်မှာ ဒီရောဂါအတွက် ပေးနေတဲ့ Dopa-mine ပါတဲ့ဆေးဟာလည်း ရောဂါလက္ခဏာသက်သာအောင်သာရှိပြီး ပျောက်ကင်းအောင် ကုသနိုင်တဲ့ဆေးမရှိသေးကြောင်း တင်ပြလိုက်ရပါတယ်။

### မူးယစ်ဆေးပြတ်အောင် လုပ်နိုင်

ယခုဖော်ပြလိုတဲ့သတင်းကတော့ မူးယစ်ဆေးစွဲနေတဲ့လူတွေကို မူးယစ်ဆေးပြတ်အောင်လုပ်နိုင်မယ့် လမ်းစတွေ့ပြီဆိုတဲ့သတင်းပါ။ ဒီတွေ့ရှိချက်ကိုတော့ နယူးဇီလန်နိုင်ငံ Canterbury တက္ကသိုလ်က သိပ္ပံပညာရှင်တွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ ဦးနှောက်ထဲမှာ မူးယစ်ဆေးကို အဓိကစွဲလမ်းနိုင်အောင် ပြုလုပ်ပေးနေတဲ့ Trace Amine Associated Receptor 1 ဆိုတဲ့နေရာ တွေ့ခဲ့ကြပြီလို့ဆိုပါတယ်။ သူတို့ဟာ ကြွက်တွေကို Metha Amphetamine ပေးပြီး ဒီ Receptor ကို နှိုးဆွလိုက်တဲ့အခါ မူးယစ်ဆေးသုံးစွဲလို့ ဖြစ်လာတဲ့ ပြောင်းလဲမှုမျိုးဖြစ်ပေါ်တာကို လုံးဝမတွေ့ရှိရဘူးလို့ ဆိုပါတယ်။ သူတို့အဆိုအရ Cocaine, Metha Ampletamine စတဲ့ဆေးတွေစသောက်တဲ့အခါ Receptor 1 ကတစ်ဆင့် ဦးနှောက်ထဲမှာ Dopamine ခေါ်တဲ့ Transmitter ကို ထွက်စေပြီး ဒီ Dopamine ကြောင့် မူးယစ်ဆေးအရှိန်နဲ့ စိတ်ကြွပြီး နတ်ဘုံနတ်နန်းကိုရောက်သလို ခံစားရတာလို့ ဆိုပါတယ်။ ဒီ Trace Amine Receptor 1 ကို Activate လုပ်လိုက်ရုံနှင့် Dopamine မထွက်နိုင်တော့ဘဲ မူးယစ်ဆေးကြောင့် ခံစားရတဲ့ ခံစားမှုတွေကိုလည်း မရနိုင်တော့ဘူးလို့ ဆိုထားပါတယ်။ ဒီနည်းဟာ ဘယ်လိုနည်းနဲ့မှ မဖြတ်နိုင်ဖြစ်နေတဲ့ မူးယစ်ဆေးကိုပြတ်အောင် လုပ်နိုင်မယ့်နည်းလမ်းပဲလို့ ဆိုထားတာကို သတင်းကောင်းအဖြစ် တင်ပြလိုက်ရပါတယ်။

### ခရမ်းလွန်ရောင်ခြည် အမျိုးသမီးတွေ သတိထားကြဖို့

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အမျိုးသမီးတွေ လက်သည်းခြေသည်းအလှပြင်ပြီး မြန်မြန်ခြောက်အောင် အသုံးပြုနေတဲ့ Ultraviolet Lamps တွေဟာ ကြာကြာအသုံးပြုရင် အန္တရာယ်ဖြစ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကိုတော့ ကနဦး အမေရိကန်နိုင်ငံ Augusta မြို့ Geogia Regants တက္ကသိုလ်က ဆေးပညာရှင်တွေ လေ့လာတွေ့ရှိခဲ့တာဖြစ်ပြီး American Cancer Society ကလည်း ဒါကိုအသုံးမပြုဖို့ သတိပေးထားပါတယ်။ ဒီလေ့လာချက်ကို နေရာပေါင်း ၁၆ နေရာမှာ အသုံးပြုနေတဲ့ ၁၇ မျိုးခန့်ရှိတဲ့ Ultraviolet Lamps တွေကို ရှစ်ကြိမ်မှ ၂၀၈ ကြိမ်အထိ အသုံးပြုခဲ့ကြတဲ့ လူတွေရဲ့ အရေပြားဆိုင်ရာ ပြောင်းလဲမှုတွေကို စမ်းသပ်ပြီး တွေ့ရှိခဲ့တာဖြစ်ပါတယ်။ အသုံးပြုတဲ့ အကြိမ်နှင့် UV Lamp အား အပေါ်မှာမူတည်ပြီး အရေပြားပေါ်က Skin Cells တွေ ပြောင်းလဲနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါဟာ အရေပြား Cancer ဖြစ်ဖို့ လမ်းစဖြစ်နေတယ်လို့ ထောက်ပြထားပါတယ်။ ၎င်းတို့အသုံးပြုတဲ့ တချို့ UV Lampsတွေထဲမှာ UV-A.Ray တွေ ထုတ်ပေးတဲ့ Lamps တွေ ပါဝင်ပြီး ဒီ UV-A.Ray ဟာ Skin Cells ရဲ့ DNA ကို ပျက်စီးသွားစေတာကြောင့် ကင်ဆာဖြစ်နိုင်တာလို့ ထောက်ပြထားပါတယ်။ ဒါကြောင့် ခြေသည်းလက်သည်းအလှပြင်ခြင်းကို ဖျက်လိုက်ဆိုးလိုက် ခဏခဏလုပ်နေကြတဲ့ အမျိုးသမီးတွေအတွက် သတိထားကြဖို့တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။



## မြန်မာနိုင်ငံစာရေးဆရာအသင်း (ပြည်မြို့နယ်)မှ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်

**ပြည် ဩဂုတ် ၁၈**

မြန်မာနိုင်ငံစာရေးဆရာအသင်း (ပြည်မြို့နယ်)က ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၅ နာရီက ပြည်မြို့ ရန်အောင်မင်္ဂလာကင်းဘုရားကြီးဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ပြည်မြို့ ဇောတိကရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသူရဇေထံ အသင်းဥက္ကဋ္ဌ ဒေါက်တာ ယဉ်ဝေလွင် စာရေးဆရာမယဉ်ဝေလွင်(ပြည်)က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မောင်ရွှေဝင်း (ပြည်)

## အထက်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်

**မကွေး ဩဂုတ် ၁၈**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီက လယ်ကိုင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်နှင့် တိုင်း/ခရိုင်ပညာရေးမှူး၊ ပွင့်ဖြူမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ဒုတိယပညာရေးမှူး ဒေါ်နွဲ့ရည်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ခင်မာလာ(မကွေး)



ဩဂုတ် ၁၇ ရက်က ဓမ္မစေတီခေါင်းလောင်းကြီးဆယ်ယူရန် သောင်တူးစက်ဖြင့် ရေအောက်ရှိ နုံးညွန်များကို စတင်ဖယ်ရှားနေသည်ကို ဤသို့တွေ့ရစဉ်။ သန်းထိုက်(လှိုင်သာယာ)

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေး

**ရေတာရှည် ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ပိတောက်ကုန်းကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာနှင့် အခြားသော ကျေးရွာများတွင် ဒေသခံပြည်သူများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဩဂုတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် ပိတောက်ကုန်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းသားကျောင်းသူ ၁၁၆ ဦးနှင့် ဒေသခံပြည်သူ ၁၃၂ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ပြည်တွင်းသတင်း

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ရောက်ရှိ



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား မော်စကိုမြို့ Domodedovo လေဆိပ်၌ ကြိုဆိုစဉ်။ (မြဝတီ)

**နေပြည်တော် ဩဂုတ် ၁၈**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန်အတွက် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ဩဂုတ် ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ Domodedovo လေဆိပ်သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ယု၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ရဲနိုင်မျိုးနှင့်အဖွဲ့၊ ရုရှားနိုင်ငံ Federal Service for Military- Technical Cooperation (FSMTC) မှ နိုင်ငံတကာ ဆက်ဆံရေးဌာနမှူး Mr. Pletnev Igor နှင့် အဖွဲ့တို့က လေဆိပ်တွင် ကြိုဆိုခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မီဒီယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ



**ရန်ကုန် ဩဂုတ် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) နှင့် မီဒီယာလုပ်ငန်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်သည့် မီဒီယာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်နေသော မီဒီယာပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(ဓါတ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) အတွင်းရေးမှူး ဦးကျော်မင်းဆွေက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီက ဆောင်ရွက်နေသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၈ နှင့် ၁၉ ရက်တို့တွင် ကျင်းပမည့် နိုင်ငံတကာမီဒီယာ ဆွေးနွေးပွဲ၌ ဆွေးနွေးမည့် လုပ်ငန်းစဉ်များဖြစ်သော စာနယ်ဇင်းကျင့်ဝတ်နှင့်အညီ သတင်းရယူခြင်းကဏ္ဍ၊ လူမှုတာဝန်သိတတ်သော မီဒီယာကဏ္ဍ၊ ရုပ်သံလွှင့်ခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် အများပြည်သူဝန်ဆောင်မှု မီဒီယာကဏ္ဍ၊ တိုင်းရင်းသားဘာသာ စကားဖြင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်များကဏ္ဍ၊ ရွေးကောက်ပွဲဆိုင်ရာ သတင်းရယူခြင်းကဏ္ဍ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီနှင့် တိုင်ကြားမှုများအပေါ် ဖြေရှင်းရေး လုပ်ငန်းစဉ်များ၊ မီဒီယာကဏ္ဍကို စီးပွားရေးအရရေရှည်ရှင်သန်နိုင်ရန် စီမံခန့်ခွဲခြင်း၊ မီဒီယာနှင့် ငြိမ်းချမ်းရေး၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ဥပဒေ၏ အကျိုးသက်ရောက်မှုများ စသည့် အခန်းကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သော UNESCO၊ BBC Media Action၊ Myanmar Media Lab, Internews Europe ၊ USAID၊ DVB Multimedia Group၊ Asia Pacific Broadcasting Union ၊ International Media Support ၊ European Union စသည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# လုပ်ငန်းဆောင်ရွက်ရာတွင် စိတ်ရင်းစေတနာဖြင့်ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၈**

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းသည် ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက မြောက်ဥက္ကလာပဘဏ်ခွဲသို့ သွားရောက်၍ ပင်စင်လာရောက်ထုတ်ယူသူ ပင်စင်စားများ၊ ဘဏ်နှင့် ဆက်သွယ်သူ ပြည်သူများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် အခက်အခဲများကို တွေ့ဆုံမေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် မြောက်ဥက္ကလာပ ဘဏ်ခွဲအဆောက်အအုံသစ် ဆောက်လုပ်ရန်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အလားတူ ဩဂုတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် ကြည့်မြင်တိုင်ဘဏ်ခွဲနှင့် အင်းစိန်ဘဏ်ခွဲ အဆောက်အအုံသစ်များ ဆောက်လုပ်နေမှု၊ ဘဏ်ခွဲ (၄)၏ ပင်စင်တိုးချဲ့ဆောင် ပြုပြင်မွမ်းမံနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့သည်။ ဒုတိယဝန်ကြီးသည် ကြည့်မြင်တိုင်ဘဏ်ခွဲနှင့် အင်းစိန်ဘဏ်ခွဲသို့ ရောက်ရှိစဉ် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းများအား တွေ့ဆုံ၍ ပြည်သူ့ဝန်ထမ်းဘဝကို ဂုဏ်ယူပြီး လုပ်ငန်းဆိုင်ရာအတတ်ပညာများကို လက်တွေ့လုပ်ဆောင်ရင်း ဖြည့်ဆည်းသင်ယူကြရန်၊ အများပြည်သူနှင့် ဆက်ဆံရာတွင် ချိုသာပျူငှာစွာနှင့် လိုလိုလားလား ဆောင်ရွက်ပေးခြင်းဖြင့် မိမိကိုယ်တိုင်နှင့် ပတ်ဝန်းကျင်ကိုပါ စိတ်ချမ်းမြေ့မှုရရှိစေရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် အကျိုးမျှော်၍ လုပ်ဆောင်ခြင်းမဟုတ်ဘဲ စိတ်ရင်းစေတနာဖြင့် လှိုက်လှိုက်လှဲလှဲဆောင်ရွက်ပေးရန်၊ ကိုယ်ကျင့်သီလဖြူစင်အောင် ကြိုးပမ်းပြုမူကျင့်ကြံနေထိုင်ကြရန်၊ ဗဟုသုတပြည့်စုံစေရေးအတွက် စာပေများကို ဖတ်ရှုလေ့လာကြရန်၊ ကိုယ်စိတ်ကျန်းမာအောင် ဂရုစိုက်နေထိုင်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗဟိုအဆင့်အင်္ဂလိပ်ဘာသာစွမ်းရည်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၈**

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၏ ဗဟိုအဆင့်အင်္ဂလိပ်ဘာသာ စွမ်းရည်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပပြီး ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၆ ရက် ညနေ ၃ နာရီတွင် အဆိုပါနေရာ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အီဘိုလာဗိုင်းရပ်စ်ရောဂါ သတိပေးနှိုးဆော်ချက်

အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ကူးစက်မြန်ရောဂါတစ်မျိုးဖြစ်ပြီး ကုသရန်ခက်ခဲသည့်အပြင် ရောဂါပြန့်ပွားမှုအား ထိန်းချုပ်ရန်အလွန်ခက်ခဲသော ရောဂါဖြစ်ပါသည်။

ယခုအခါ အာဖရိကအနောက်ပိုင်းဒေသရှိ Guinea, Liberia, Nigeria & Sierra Leone နိုင်ငံတို့တွင် ရောဂါကူးစက်ဖြစ်ပွားနေပြီး ရောဂါဖြစ်ပွားသူများ၏ (၉၀)ရာခိုင်နှုန်း အသက်ဆုံးရှုံးနိုင်ပါသည်။

**အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်နိုင်သော နည်းလမ်းများ**

အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ရောဂါပိုးရှိသောလူ (သို့မဟုတ်) တိရစ္ဆာန်၏ တံတွေး၊ သွေး၊ ခန္ဓာကိုယ်မှထွက်သော အရည်တို့နှင့် တိုက်ရိုက်ထိတွေ့ကိုင်တွယ်ခြင်း။

အဆိုပါ သွေးနှင့် ခန္ဓာကိုယ်မှ အရည်များထိတွေ့ထားသော အရာဝတ္ထုများနှင့် ထိတွေ့ကိုင်တွယ်ခြင်းတို့မှ ကူးစက်နိုင်သည်။

**ဆားစ်၊ လူတုပ်ကွေးကပ်ရောဂါ၊ $H_7N_9$ ကြက်ငှက်တုပ်ကွေးရောဂါ၊ မားစ်ပြင်းထန်အဆုတ်ရောင်ရောဂါ (MERS CoV)တို့ကဲ့သို့ လေထဲမှတစ်ဆင့် ကူးစက်နိုင်သောရောဂါမဟုတ်ပါ။**

အီဘိုလာရောဂါသည် လေ၊ ရေ၊ အစားအစာတို့မှတစ်ဆင့် မကူးစက်နိုင်ပါ။

**ယခုအချိန်အထိ အီဘိုလာဗိုင်းရပ်စ်ရောဂါကို ကာကွယ်ကုသရန် ဆေးမရှိသေးပါ။ ရောဂါမဖြစ်ပွားရန် ကာကွယ်ရန် အရေးကြီးပါသည်။**

ရောဂါပိုးရှိသော လူနာနှင့်တိရစ္ဆာန်တို့၏ တံတွေး၊ သွေး စသော ခန္ဓာကိုယ်အရည်များအား ကိုင်တွယ်ထိတွေ့သူများတွင် အဓိကရောဂါကူးစက်နိုင်ခြေရှိသဖြင့် ကာကွယ်သည့်နည်းလမ်းများကို တိကျစွာလိုက်နာ ဆောင်ရွက်ရန် လိုအပ်ပါသည်။

**အီဘိုလာဗိုင်းရပ်စ်ရောဂါသံသယလက္ခဏာများ**

အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားနေသောနိုင်ငံများ အထူးသဖြင့် (အနောက်အာဖရိကနိုင်ငံများ)သို့ သွားရောက်ခဲ့သူများ (သို့မဟုတ်)နိုင်ငံတကာခရီးသွားသူများ၊ ကူးစက်မြန် အီဘိုလာရောဂါလူနာအား တိုက်ရိုက်ပြုစုကုသ ထိတွေ့ကိုင်တွယ်ခဲ့သူများ၊ ရောဂါရှိသော တောရိုင်းတိရစ္ဆာန်များအား ထိတွေ့ကိုင်တွယ်သူများတွင်-

**ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ အန်ခြင်း၊ အရည်ဝမ်းသွားခြင်း၊**

အီဘိုလာဗိုင်းရပ်စ်ပိုးသည် အသည်းနှင့်ကျောက်ကပ်များ ပျက်စီးနိုင်သဖြင့် ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်းကြောင့် အသက်အန္တရာယ် ဖြစ်နိုင်ပါသည်။

**အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်မှုမရှိစေရေး ကာကွယ်ရန်နည်းလမ်းများ**

၁။ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုပါ။

၂။ လက်ကို ရေနှင့်ဆပ်ပြာဖြင့် မကြာခဏဆေးကြောပါ။

၃။ ရောဂါပိုးရှိသူ၏ သွေးနှင့် ၎င်းခန္ဓာကိုယ်မှထွက်သော အရည်များအား ထိတွေ့ကိုင်တွယ်ခြင်း မပြုရ။

၄။ ရောဂါပိုးရှိသော လူ၊ တိရစ္ဆာန်တို့၏သွေးနှင့် ၎င်းခန္ဓာကိုယ်မှ ထွက်သော အရည်များရှိနိုင်သည့် (အရာဝတ္ထုပစ္စည်း၊ ခုံများ၊ စားပွဲများ၊ အိပ်ရာ၊ လှေကား လက်ရန်း၊ နံရံစသည်တို့အား)ထိတွေ့ကိုင်တွယ်ခြင်း မပြုရ။

၅။ အထူးသဖြင့် အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားသော နိုင်ငံများသို့ သွားရောက်ခဲ့သူများနှင့် နိုင်ငံတကာခရီးသွားသူများတွင် အောက်ဖော်ပြပါ သံသယလက္ခဏာများဖြစ်ပေါ်လာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ ဆေးကုသမှုခံယူပါ။ **ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးချည့်ခြင်း၊ လည်ချောင်းနာခြင်း၊ အရည်ဝမ်းသွားခြင်း၊ အန်ခြင်း၊ ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်း။**

၆။ အထက်ပါ သံသယလက္ခဏာဖြစ်ပွားသူများ တွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ပါ။

၇။ နိုင်ငံခြားသို့ ခရီးသွားရောက်ရန် အစီအစဉ်ရှိပါက ရောဂါဖြစ်ပွားကူးစက်နေသည့် နိုင်ငံများသို့ သွားရောက်ခြင်းကို ရှောင်ကြဉ်ပါ။

ကျန်းမာရေးဝန်ကြီးဌာနမှ အီဘိုလာရောဂါ ကြိုတင်ကာကွယ်ကုသထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်တွင်းသတင်း

❒ ရှေ့ဖုံးမှ

ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လည်း စိတ်အားထက်သန်လျက် ရှိပါကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများသည် အပြန်အလှန်ဆက်နွယ်လျက်ရှိပြီး အစိုးရတစ်ခုတည်းဆောင်ရွက်၍မရဘဲ သက်ဆိုင်သူအားလုံးပါဝင်ပြီး ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သည့် ပြည်သူ့ဗဟိုပြု ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်မြေအနှံ့အပြား ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်သူအားလုံးပါဝင်ဆောင်ရွက်နိုင်မည့် ပတ်ဝန်းကျင်ကောင်းများကိုလည်း ဖန်တီးပေးရမည်ဖြစ်ပါကြောင်း။

ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နေသူများ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ရေးဆွဲပြီးဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဘက်စုံစီမံကိန်းများကို အဆိုပါမူဘောင်ပါ လမ်းညွှန်ချက်များနှင့်အညီ လက်တွေ့ အကောင်အထည်ဖော်ပြီး ဖွံ့ဖြိုးရေးအသီးအပွင့်များကို လူထုလက်ထဲသို့ အမြန်ထည့်ပေးရန် လိုအပ်ပါကြောင်း၊ သမားရိုးကျချဉ်းကပ်မှုနည်းလမ်းများအစား နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်မှသာ ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးမှု ရေရှည်တည်တံ့ခိုင်မြဲစေမည်ဟု ယုံကြည်သည့်အတွက် ကမ္ဘာ့ဘဏ်၏ ဘဏ္ဍာရေးနှင့်နည်းပညာပိုင်းဆိုင်ရာ အကူအညီများရယူပြီး ၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ လူထုဗဟိုပြုစီမံကိန်းသည် လူထုကိုယ်တိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ကွပ်ကဲ အကဲဖြတ်ခြင်းဖြင့် ရရှိလာသည့်ဖွံ့ဖြိုးမှု အသီးအပွင့်များကို တိုက်ရိုက်အကျိုးခံစားရစေမည့် ဖွံ့ဖြိုးရေးချဉ်းကပ်မှု နည်းလမ်းဖြစ်ပါကြောင်း။

လူထုဗဟိုပြုစီမံကိန်း၏ အဓိကလက္ခဏာများမှာ လူထုကိုယ်တိုင် အကောင်အထည်ဖော်ပြီး ကိုယ်တိုင်အကျိုးခံစားရခြင်း၊ စီမံကိန်းရေးဆွဲချိန်ကစပြီး စောင့်ကြည့်အကဲဖြတ်သည့်အဆင့်များအထိ လူထုလူတန်းစားပေါင်းစုံ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခွင့်ရခြင်း၊ ဘဏ္ဍာငွေကို လူထုသို့ တိုက်ရိုက်ထောက်ပံ့ပေးပြီး လူထုကစီမံခန့်ခွဲခြင်း၊ ဒေသအစိုးရများနှင့် ဒေသခံလူထု ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ဖော်ဆောင်ပေးပြီး စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ စီမံကိန်းစက်ဝန်းတစ်လျှောက် လူထုအားကူညီထောက်ပံ့ပေးခြင်း၊ စဉ်ဆက်မပြတ်လေ့လာသင်ယူရင်း စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ကာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု အလေ့အထများ ဖွံ့ဖြိုးလာစေခြင်း၊ ကျား၊မ တန်းတူညီမျှသော အလေ့အထ ဖွံ့ဖြိုးစေခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကာအကွယ်စနစ် အဓိကပါဝင်ခြင်းတို့ ဖြစ်ပါကြောင်း။

စီမံကိန်းကျေးရွာ အုပ်စုတစ်ခုလျှင် ခန့်မှန်းကျပ်သန်း ၂၄၀ ကို သုံးနှစ်ဆက်တိုက် ထောက်ပံ့ပြီး ကျေးရွာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်သူများကိုယ်တိုင် ဆောင်ရွက်စေခဲ့သည့်အတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာသကဲ့သို့ ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့၏လိုအပ်ချက်များကို စုပေါင်းညှိနှိုင်းအဖြေရှာပြီး ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများ၊ စွမ်းဆောင်ရည်များ ရရှိလာခဲ့ပါကြောင်း၊ အထူးသဖြင့် အများပိုင် ရန်ပုံငွေကို ရှင်းလင်းမြင်သာမှုရှိစွာ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် စီမံခန့်ခွဲတတ်သည့် အလေ့အကျင့်ကောင်းများသည် ကျေးလက်နေပြည်သူများကြား ကိန်းအောင်းလာခဲ့သည်မှာ စီမံကိန်း၏ အဖိုးမဖြတ်နိုင်သည့် အကျိုးရလဒ်များပင်ဖြစ်ပါကြောင်း။

ဗဟိုဦးစီးခန့်ခွဲမှုစနစ်ကို နှစ်ပေါင်းများစွာကျင့်သုံးခဲ့သည့် မိမိတို့နိုင်ငံအနေဖြင့် ယခုကဲ့သို့ ပြည်သူ့ဗဟိုပြုစီမံခန့်ခွဲမှုစနစ်ကို စတင်ကျင့်သုံးဆောင်ရွက်ခဲ့ရာတွင် အရာရာအဆင်ပြေမှုမရှိနိုင်ဘဲ အခက်အခဲအကျပ်အတည်းများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း၊ ချဉ်းကပ်မှု နည်းလမ်းတစ်ခုမှ အသွင်သဏ္ဍာန်အနှစ်သာရ မတူညီသည့် အခြားတစ်ခုကိုပြောင်းလဲဆောင်ရွက်ရခြင်း ဖြစ်သည့်အတွက် ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် စွမ်းဆောင်ရည် မပြည့်ဝမှု၊ အဆင်သင့်မဖြစ်မှု၊ နည်းပညာပိုင်းဆိုင်ရာ အားနည်းမှုများ ဖြစ်ပေါ်နိုင်ပါကြောင်း။

စိန်ခေါ်မှုတိုင်းတွင် အခွင့်အလမ်းများရှိသည်ဆိုသည့် ဆိုရိုးနှင့်အညီ မိမိတို့အနေဖြင့် စီမံကိန်းပထမနှစ် အကောင်အထည်ဖော်ရာတွင် ရရှိခဲ့သည့်အတွေ့အကြုံများအပေါ်တွင် သင်ခန်းစာဖော်ထုတ်ပြီး စီမံကိန်းဒုတိယနှစ်တွင် ပိုမိုပြည့်စုံကောင်းမွန်သည့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်သူအားလုံး ပါဝင်သည့် သုံးသပ်ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရခြင်းဖြစ်ပါကြောင်း။

ဆင်းရဲနွမ်းပါးသည့် ကျေးလက်လူထုအနေဖြင့် လူထုဗဟိုပြုစနစ်ကို ကျင့်သုံးရယူသုံးစွဲနိုင်စေရန်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျေးလက်ပြည်သူလူထု၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးများကို မြှင့်တင်ပေးရန်၊ ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များနှင့် အရေးပေါ်အခြေအနေများတွင် ထိရောက်လျင်မြန်စွာ တုံ့ပြန်နိုင်စေရန်ဆိုသည့် စီမံကိန်းရည်ရွယ်ချက်များ အောင်မြင်ရေးကို ရှေးရှုပြီး မြေပြင်တွင်ဖြစ်ပေါ်နေသည့် ပကတိဖြစ်ရပ်မှန် အခြေအနေများ၊ အတွေ့အကြုံများ၊ ကျေးလက်နေပြည်သူများ၏ အသံနှင့်ခံစားချက်များကိုထင်ဟပ်အခြေခံပြီး အရှိကို အရှိတိုင်း ပွင့်ပွင့်လင်းလင်းဆွေးနွေးတိုင်ပင် အကြံပြုကြရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး လုပ်ငန်းစဉ်များကို အထောက်အကူပြုစေရန်အတွက် ကမ္ဘာ့ဘဏ်မှကူညီထောက်ပံ့ငွေအမေရိကန်ဒေါ်လာ သန်း ၈၀ နှင့် နည်းပညာပံ့ပိုးကူညီမှုများဖြင့် လူထုဗဟိုပြုစီမံကိန်းကို ဝန်ကြီးဌာနနှင့်အတူ ကျေးရွာလူထုက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

စီမံကိန်းကာလသည် ၂၀၁၂ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီအထိ စုစုပေါင်း ခြောက်နှစ်လေးလကြာမြင့်မည် ဖြစ်ပါကြောင်း၊ စီမံကိန်းပထမနှစ်တွင် မြို့နယ်သုံးမြို့နယ်၊ ဒုတိယနှစ်တွင် ပြည်ထောင်စုနယ်မြေအပါအဝင် မြို့နယ်ခြောက်မြို့နယ်နှင့်တတိယနှစ်တွင် မြို့နယ်ခြောက်မြို့နယ်တို့၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းဆောင်ရွက်ရာတွင် လူထုကကျေးရွာ စီမံကိန်းကိုရေးဆွဲပြီး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းကို ရွေးချယ်၍ လူထုကပင် အကောင်အထည်ဖော်ဆောင်ရွက်ကာ ကြီးကြပ်စစ်ဆေးပါကြောင်း ရရှိလာသည့် အကျိုးကျေးဇူးများကိုလည်း လူထုကပင် ခံစားရပါကြောင်းဖြင့် ပြောကြားသည်။

ကမ္ဘာ့ဘဏ်မှ Global Practice Manager Ms.Susan Wong က ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍများ၌ ကမ္ဘာ့ဘဏ်၏ ကူညီပံ့ပိုးမှုအခြေအနေများနှင့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက လူထုအခြေပြု စီမံကိန်းပထမဆု ရရှိကြသည့် ကန်ပက်လက်မြို့နယ် ခါနန်းကျေးရွာအုပ်စုနှင့် ကျင်ဒွေးကျေးရွာအုပ်စု၊ နမ့်ဆန်မြို့နယ် အုမ်းစွမ်ကျေးရွာအုပ်စုနှင့် မွန်ဆိုင်းကျေးရွာအုပ်စု၊ ကျွန်းစုမြို့နယ် ဘဒ္ဒနဲကျေးရွာအုပ်စုနှင့် လင်မလိုကျေးရွာအုပ်စုတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကမ္ဘာ့ဘဏ်မှ Global Practice Manager Ms.Susan Wong နှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့က လူထုအခြေပြုစီမံကိန်းဒုတိယဆုနှင့် တတိယဆု ရရှိကြသည့် ကျေးရွာအုပ်စုများအား ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဧည့်သည်တော်များ၊ ဂုဏ်ပြုဆုရရှိကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အဆိုပါခန်းမ၌ ပြသထားသည့် လူထုဗဟိုပြုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့် လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှခိုင်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ကန်ပက်လက်မြို့နယ် နမ့်ဆန်မြို့နယ်နှင့်ကျွန်းစုမြို့နယ်တို့မှ တာဝန်ရှိသူများက မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကမ္ဘာ့ဘဏ်မှ Technical Audit မစ္စတာ ဂါဗန်အိုကီးဖ်က နည်းပညာ စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး အုပ်စုငယ်များဖွဲ့၍ စီမံကိန်းစီမံခန့်ခွဲမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ကျန်းမာရေးကဏ္ဍ၊ လူမှုတာဝန်ခံခြင်းနှင့် လူမှုဆက်ဆံရေး၊ လူမှုစစ်ဆေးခြင်း (ကျေးရွာစီမံကိန်း၊ စီမံကိန်းလုပ်ငန်းခွဲ ဦးစားပေးအစီအစဉ်နှင့်ကျေးရွာအုပ်စုများ ဆုံးဖြတ်ချက်ချခြင်း)၊ ကျေးလက်အခြေခံအဆောက်အအုံ (စီမံကိန်းလုပ်ငန်းခွဲပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အကာအကွယ်များ)၊ စိစစ်အကဲဖြတ်ခြင်းနှင့် သတင်းအချက်များ စီမံခန့်ခွဲမှုစနစ်၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဝယ်ယူရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညနေပိုင်းတွင် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးဉာဏ်ထွန်း လူထုဗဟိုပြုစီမံကိန်း ပြည်ထောင်စုအဆင့် သက်ဆိုင်သူအဖွဲ့အစည်းများပါဝင်သော သုံးသပ်ဆွေးနွေးပွဲတွင် တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# စွန့်ပစ်ရေ စီမံခန့်ခွဲခြင်းနှင့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲရေးနှင့်ပတ်သက်၍ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၈**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မြန်မာနိုင်ငံ Enviro Care Monitoring Co.,Ltd. မှ Chief Executive Officer ဦးဇော်ဝင်းထွန်းနှင့် မိတ်ဖက်အဖွဲ့အစည်းဖြစ်သော စင်ကာပူနိုင်ငံ ZWEEC Analytics Pte., Ltd. မှ Chief Technology Officer Dr.ENG How Lung တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် စင်ကာပူနိုင်ငံ ZWEEC Analytics Pte.,Ltd. မှ ဒေသတွင်းနိုင်ငံအချို့တွင် အသုံးပြုလျက်ရှိသည့် ရေထုညစ်ညမ်းမှုမှ ကာကွယ်ရန်နှင့် လျှော့ချရန်အတွက် စွန့်ပစ်ရေစီမံခန့်ခွဲရာတွင် စွန့်ပစ်ရေအားပြုပြင်၍ စွန့်ပစ်ခြင်း (Waste Water Treatment )နှင့် ရေအရည်အသွေးထိခိုက်မှုကိုသိရှိနိုင်ရန် ငါးမျိုးများကို Bio-sensor အဖြစ် အသုံးပြု၍ စွန့်ပစ်ရေအားစောင့်ကြည့်စစ်ဆေးခြင်း (Waste Water Monitoring) နည်းပညာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံတွင် စွန့်ပစ်ရေ စီမံခန့်ခွဲမှုများနှင့် ပတ်သက်၍ နည်းပညာပံ့ပိုးပေးရေး၊ ဌာနဆိုင်ရာများ၊ အစိုးရစက်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများအတွက် အသိပညာပြန့်ပွားရေး၊ အလုပ်ရုံဆွေးနွေးပွဲများ ပူးပေါင်းကျင်းပရေး၊ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင် အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ ရေးဆွဲရာတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် စွန့်ပစ်ရေ စီမံခန့်ခွဲရာတွင် စွန့်ပစ်ရေကို ပြုပြင်၍ စွန့်ပစ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း နည်းပညာရပ်များ အသုံးပြုသွားနိုင်ရေး စသည်တို့နှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**



အဆိုပါအဖွဲ့သည် မြန်မာနိုင်ငံ၏ စွန့်ပစ်ရေ စီမံခန့်ခွဲခြင်းအပါအဝင် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အသေးစိတ် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတင်းဆောင်းပါး

# လာမည့်နှစ်ပွင့်လင်းရာသီတွင် မြစ်တစ်ခုအသွင်ပီပီပြင်ပြင် ပြန်လည်နိုးထရှင်သန်လာတော့မည့် ပန်းလှိုင်မြစ်

သတင်းဆောင်းပါး
ခင်မောင်ထွေး
ဓာတ်ပုံ - ဇော်မင်းလတ်

“အမတော်ကြေးချေးငွေတွေ မရရင်နေပါစေဗျာ၊ ဒီပန်းလှိုင်မြစ်ကြီးကိုပဲ ပြန်လည်တူးဖော်ပေးပါ” ထန်းတပင်မြို့နယ် လမုကျေးရွာနေတောင်သူ ဦးကြီး ဦးမြင့်သိန်းက ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်း စီမံကိန်းမစတင်မီက သူတောင့်တခဲ့သည့် ရင်တွင်းဆန္ဒကိုပြန်လည် ပြောပြသည်။

ဦးစိုးမြင့်ကတော့ “ဒီမြစ်ကြီးကောသွားကတည်းက လယ်သမားက ဆန်ပြန်ဝယ်စားနေရတယ်လေ” ဟု ယခင်က မြစ်ကမ်းဘေးတွင် တည်ထားခဲ့ပြီး ယခုကွင်းခေါင်ခေါင်တွင် ထီးတည်းကျန်ရှိနေသော ဆန်စက်ကြီးကို ငေးကြည့်ရင်း ဆိုသည်။

“အခု ဒီပန်းလှိုင်မြစ်ကြီးကို ပြန်လည်တူးဖော်ခိုင်းတော့ ဦးကြီးတို့ဘယ်လိုသဘောရသလဲ” သတင်းသမား ကျွန်တော်က ရုတ်တရက်ဆိုလိုက်ရာ “ဟာ - သိပ်ဝမ်းသာတာပေါ့ဗျာ”ဟု ပြိုင်တူဆိုကြရင်း အတိတ်၏ အရိပ်များအတွင်းမှ ပစ္စက္ခဆီသို့ ပြန်လည် နိုးထလာကြသည်။

ရှေးယခင်က မဲဇလီဒလမှ လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းအနီးအထိ နှစ်ထပ်သင်္ဘောများ ဝင်ထွက်သွားလာနိုင်ရုံမက စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် အသက်မွေးဝမ်းကျောင်း ဆောင်ရွက်နိုင်ခဲ့၍ လူမှုစီးပွားဘဝအခြေ မြင့်ဖွံ့ဖြိုးတိုးတက်ခဲ့သော မြစ်ကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာများသည်လည်း ယခုပန်းလှိုင်မြစ်ကြီးပြန်လည် နိုးထရှင်သန်မှုနှင့်အတူ အသစ်တစ်ဖန်ပြန်လည် နိုးထ ရှင်သန်လာရပါတော့မည်။

မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာဟု တင်စားထိုက်ရလောက်အောင်ပင် အမိမြန်မာနိုင်ငံသည် ရေသယံဇာတ မြစ်ချောင်းအင်းအိုင်များ ပေါကြွယ်ဝခဲ့ရာ ပန်းလှိုင်မြစ်သည်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ မဲဇလီဒလမှ ခတ္တိယရွာအထိ အလျား ၇ ဒသမ ၅၂ မိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ခတ္တိယရွာမှ ရန်ကုန် လှိုင်မြစ်ဝအထိ ၂၆ ဒသမ ၆ မိုင် စုစုပေါင်း အလျား ၃၄ မိုင်ကျော်ဖြစ်တည် ဖြတ်သန်းစီးဆင်းရစ်ခဲ့ဖူးသည်။

လက်ရှိကာလတွင်မူ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ မဲဇလီဒလမှ အုန်းပင်စုရွာအထိသာ ရေရောက်ရှိပြီး ထိုနေရာမှ ခတ္တိယရွာအထိ တိမ်ကောလျက်ရှိကာ ကျူတောများ၊ ပိတ်စွယ်တောများ မြစ်ကြောင်းတစ်လျှောက်အပြည့် ပေါက်ရောက်လျက် ရှိကြောင်း၊ မိုးတွင်းကာလတွင် ရေထုတ်နုတ်ရန် တည်ဆောက်ထားသော ခတ္တိယ၊ မြဂဲနှင့် ဘိုးတရေတံခါးတို့မှာလည်း ရေစီးဆင်းမှုမရှိ၍ နုန်းများပိတ်ဆို့နေပြီဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း လှိုင်မြစ်ဝမှ ကင်းရွာအထိသာရေရောက်ရှိပြီး ကင်းရွာအထက် ပန်းလှိုင်မြစ်ကြောင်းမှာ ကျူတောများ၊ ပိတ်စွယ်ပင်များမှာ မြစ်ကြောင်း တစ်လျှောက်ပေါက်ရောက်လျက်ရှိသည့်အပြင် မရွှေဥရေတံခါး၊ စန္ဒယော်ရေတံခါးနှင့် ထိုးဝါးချောင်းရေတံခါးတို့မှာလည်း ရေစီးဆင်းမှု မရှိ၍ နုန်းများ ပိတ်ဆို့နေပြီဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာန စီမံကိန်း မှတ်တမ်းများအရ သိရသည်။

ဆည်မြောင်းပညာရှင် ညွှန်ကြားရေးမှူး(ငြိမ်း) ဦးဘုန်းတင်က “မြစ်ကြောင်းအောက် ကြမ်းပြင်ကို တစ်ကြိမ်တစ်ခါမျှ တူးဖော်မှုမရှိခဲ့လို့ အခုလိုတိမ်ကောပျောက်ကွယ်လု နီးပါးဖြစ်သွားရတာပါ။ ပန်းလှိုင်မြစ်တစ်ခုတည်း သဲနုန်း တူးဖော်ပေးရုံနဲ့ ရာနှုန်းပြည့်အကျိုးသက်ရောက်မှုမရှိတဲ့အတွက် ဆက်စပ်ရေနုတ်မြောင်းတွေ၊ ရေထိန်းတံခါးတွေကိုပါ အထူးပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရမယ့်အပြင် လိုအပ်နေတဲ့နေရာတွေမှာ ရေထိန်းတံခါးအသစ်များ ထပ်မံတည်ဆောက်ပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် ပန်းလှိုင်မြစ်က ဒီရေအတက်အကျ အဝင်အထွက်ရှိတော့ မြစ်ဝသုံးမိုင်ခန့်အကွာမှာ ရေချိုထိန်းပြီးရေငန် တားမယ့် ခေတ်မီရေတံခါးအသစ်ကြီး တစ်လုံးလည်း လိုအပ်မှာဖြစ်ပါတယ်။ ဧရာဝတီမြစ်က ရေချိုသွင်းနိုင်ဖို့အတွက်လည်း သင့်လျော်တဲ့နေရာမှာ ရေထိန်းတံခါးလိုအပ်မှာဖြစ်ပါတယ်။ အကျိုးကျေးဇူးအမြောက်အမြား ရရှိမှာဖြစ်တဲ့အတွက် အကောင်းဆုံး လုပ်ငန်းစီမံကိန်းတစ်ခုဖြစ်ပါတယ်”ဟု ပြောသည်။

အလားတူ မြစ်ကမ်းဘေးဝဲယာတွင် ကျူပင်၊ ကိုင်းပင်များပေါက်ရောက်ပိတ်ဆို့ခြင်း၊ ရေကြောင်းပိတ်၍ ကျားပိုက်များထောင်ခြင်းတို့ကြောင့် ရေစီးရေလာမကောင်းသည့်အတွက် နုန်းများတစ်နှစ်ထက်တစ်နှစ်ပို၍ ပို့ချလာခဲ့ကြောင်း၊ မြစ်ညာပိုင်း (ခတ္တိယနှင့် ငှက်ပျောကျွန်းကြား)မှစ၍ တိမ်ကောလာမှုကြောင့် မြစ်ညာဘက်မှ စီးဆင်းလာသည့် ရေစီးကြောင်းမှာမရှိတော့၍ လှိုင်မြစ်မှ တက်ရေဖြင့်ပါလာသော သဲနုန်းများမှာ ရေပြန်အကျတွင် ပြန်လည်စီးဆင်းခြင်းမရှိတော့ဘဲ အနည်ထိုင်ပို့ချမှုကြောင့် မြစ်ကြောင်းမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိမ်ကောလာခဲ့ကြောင်း ဆည်မြောင်းဦးစီးဌာန စီမံကိန်း မှတ်တမ်းသုံးသပ်ချက်များအရ သိရသည်။

သို့မို့ကြောင့် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် လယ်ယာ



ဦးစိုးမြင့် ထန်းတပင်မြို့နယ် လမုကျေးရွာ။

စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက ပန်းလှိုင်မြစ်ကြောင်းပြန်လည် တူးဖော်ခြင်း စီမံကိန်းကို ရေပေါ်မြေတူးစက်အပါအဝင် မြေတူးစက်ပေါင်း အစီး ၂၅၀၊ မြေထိုးစက် ၂၅ စီး၊ မြေသယ်ယာဉ် ၁၂၅ စီး စုစုပေါင်းစက်ယာဉ်ယန္တရားမျိုးစုံ အစီး ၄၀၀ ဖြင့် လာမည့်နှစ်မိုးမကျမီ ပွင့်လင်းရာသီအပြီး ဆောင်ရွက်ရန် စီမံကိန်းကိုစတင် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

ယခု မိုးတွင်းကာလအတွင်း ဆောင်ရွက်နိုင်သည့် အပိုင်းများဖြစ်သော တွံတေးမြို့နယ်ကသပေါင်းကျေးရွာအနီး၊ ထန်းတပင်မြို့နယ် လမုကျေးရွာအနီးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် နည်းပညာတက္ကသိုလ်အနီးနှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တို့၌ စက်ယာဉ် ယန္တရားမျိုးစုံ ၄၁ စီးဖြင့် စတင်ဆောင်ရွက်လျက်ရှိသည်။

ပန်းလှိုင်မြစ် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းနှင့်အတူ ပိုလျှံရေစွန့်ထုတ်မည့် ချောင်းငယ်များတူးဖော်ခြင်း၊ ရေထိန်းတံခါးများပြန်လည်ပြုပြင်ခြင်းနှင့် ရေထိန်းတံခါးများ အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းပမာဏအနေဖြင့် အလျား၃၄ မိုင် အောက်ခြေအကျယ်ပေ ၆၀နှင့် ရေစူးအနက် ၁၅ ပေနှင့် ၂၀ ပေအထိ တူးဖော်မည်ဖြစ်ပြီး ရေချိုသွင်းနိုင် ရေငန်ထိန်းနိုင်သည့် ရေတံခါးကြီးများကိုလည်း ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်၍ ပြည်သူ့ဗဟိုပြုအကျိုးပြု စီမံကိန်းကြီးတစ်ရပ်ဟု ဆိုရပါမည်။

စီမံကိန်းပြီးစီးပါက တွံတေး၊ ထန်းတပင်နှင့် ညောင်တုန်းမြို့နယ်အတွင်း နွေစပါး ၂၇၉၈၅ ဧကနှင့် မိုးစပါး ၈၃၉၆၃ ဧက အပါအဝင် သီးနှံစိုက်ပျိုးမှုဧက စုစုပေါင်း ၁၁၁၉၄၈ ဧကကို အကျိုးပြုနိုင်မည်ဖြစ်၍ ပန်းလှိုင်မြစ်တစ်လျှောက်ရှိ ကျေးရွာအုပ်စု ၂၉ အုပ်စုမှ အိမ်ထောင်စုပေါင်း ၁၆၃၃၉ ရှိ လူဦးရေစုစုပေါင်း ၇၀၆၁၂ ဦးခန့်နှင့် ပန်းလှိုင်မြစ် အကျိုးပြုဧရိယာအတွင်းရှိ ကျေးရွာအုပ်စု ၃၅ အုပ်စုမှ အိမ်ထောင်စုပေါင်း ၂၀၈၃၃ ရှိ လူဦးရေစုစုပေါင်း ၉၉၀၂၀ တို့၏ လူမှုစီးပွားဘဝသည်လည်း တစ်ပါတည်း ဆက်စပ်ဖွံ့ဖြိုးလာပါလိမ့်မည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က “ပန်းလှိုင်မြစ်ကြောင်း အရှည် ၃၄ မိုင်ခန့်ကို အသစ်တစ်ဖန် ပြန်လည် အသုံးပြုအသက်ဝင်စေရန် ဆည်မြောင်းဦးစီးဌာန ပညာရှင်များက ၂၀၁၄ ခုနှစ်တွင် လုပ်ငန်းများ စတင်အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ပန်းလှိုင်မြစ်တစ်လျှောက်ရှိ ဒေသခံပြည်သူများအတွက် လူမှုစီးပွားတိုးတက်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး၊ သယ်ယူပို့ဆောင်ရေး ကဏ္ဍများကိုပါ ကြီးမားစွာအထောက်အကူပြုမည့် လုပ်ငန်းကြီးဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အပေါ်တွင် ဒေသနေပြည်သူများအတွက်သာမက ရန်ကုန်တိုင်းဒေသကြီး၏ လူမှုစီးပွားဘဝကို ကြီးမားစွာအထောက်အကူပြုမည့် ဤလုပ်ငန်း စီမံကိန်းကို အထိရောက်ဆုံး၊ အလျင်မြန်ဆုံးအကောင်အထည်ဖော်ရန် ပညာရှင်များစုဖွဲ့ခြင်း၊ စက်ယန္တရားစုဖွဲ့ခြင်းနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း”



ဦးမြင့်သိန်း ထန်းတပင်မြို့နယ် လမုကျေးရွာ။

ဇူလိုင် ၁၉ရက်က ကွင်းဆင်းစစ်ဆေးစဉ်ဆွေးနွေးမှာကြားခဲ့သည်။

ထန်းတပင်မြို့နယ် လမုကျေးရွာမှ ဦးစိုးမြင့်က “အခုက မြစ်တွေချောင်းတွေကောပြီး ပိတ်နေတာကြောင့် ဒယ်အိုးလိုဖြစ်နေတာ ဘာဘတို့ဆိုရင် အရင်က စပါးတင်း ၁၅၀၀ လောက် ရတာ၊ အခု ၆၀၀/ ၇၀၀ နဲ့ပြတ်နေတယ်။ အခက်အခဲဖြစ်တာပေါ့၊ လုပ်ငန်းကောင်းမှ ကြွေးဆပ်နိုင်မှာလေ၊ ပန်းလှိုင်မြစ်တူးပေးတာကြောင့် အလုပ်သမား၊ လယ်သမား ဝမ်းသာတာပေါ့။ တွံတေးနဲ့ ထန်းတပင်ပိုင်းမှာ လယ်ဧကပေါင်း၊ ကျေးရွာပေါင်း မနည်းဘူး။ ဝမ်းသာတယ်။ ဒေသခံဖြစ်တော့ တူးစေချင်တာ လေး၊ ငါးနှစ်လောက်ရှိပြီ။ ညွှန်ချုပ်ကြီးကိုတောင်ကျပ်တို့ လယ်သမားတွေကို ဘဏ်ငွေ မချေးပေးဘဲနဲ့ မြစ်ပဲတူးပေးပါလို့တင်ပြဖြစ်ခဲ့တာ။ ပိုပြီးတော့ ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်တယ်”ဟု ဆိုသည်။

ငှင်းကျေးရွာနေ ဦးမြင့်သိန်းကလည်း “ပန်းလှိုင်မြစ်တူးတဲ့အတွက် ဝမ်းသာပါတယ်။ စီးပွားရေးအရ အဆင်ပြေသွားမယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ ဒေသခံတွေမှာ လယ်တွေရေနစ်မြုပ်ခံနေရတာ လေး၊ ငါး၊ ခြောက်နှစ်လောက်ရှိပါပြီ။ စီးပွားရေးအခက်အခဲတွေကြုံရတယ်၊ ကားလမ်းရှိနေလို့တော်သေးတယ်။ အခုဆိုရင်ရွာက မိန်းကလေးတွေ ရန်ကုန်မှာ အလုပ်သွားလုပ်ကြပြီး ဝမ်းရေးအတွက် ဆောင်ရွက်နေကြတာပါ။ ဆန်ဆိုရင် အခုဝယ်စားနေရတယ်။ ကျွန်တော်တို့ဆီမှာ လယ်သမားဖြစ်ပင်ငြားသော်လည်း ဝမ်းစာမထားနိုင်တဲ့ လယ်သမားတွေအများကြီးပါ။ ကိုယ့်လယ်ကိုယ်ရှိပြီး ဆန်မစားရပါဘူး။ ခံစားနေရတာ ခြောက်နှစ်၊ ခုနစ်နှစ်ရှိပြီ။ အခုလို နိုင်ငံတော်က ဆောင်ရွက်ပေးမယ်ဆိုတာကြောင့် ဝမ်းသာတယ်။ ကျေးဇူးလည်း တင်ပါတယ်”ဟု ပြောသည်။

တွံတေးမြို့နယ် ကသပေါင်းကျေးရွာနေ ဦးစိုးသန်းက “မြစ်တူးတယ်ဆိုတာ အများကောင်းကျိုးအတွက်ဖြစ်ပါတယ်။ စပါးကိုလည်း နှစ်သီး၊ သုံးသီးစိုက်လို့ရမယ့် အခြေအနေမျိုးပေါ့၊ ဘာမှကန့်ကွက်စရာ မရှိပါဘူး။ ဒီဒေသက ကျွန်းကြီးတစ်ကျွန်းလုံး ကောင်းသွားမှာပါ”ဟု ဆိုသည်။

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြတ်မျိုးက “ပန်းလှိုင်မြစ်က မိုင်ပေါင်း ၃၄ မိုင်ရှည်တယ်။ ဧရာဝတီတိုင်းဒေသကြီး ပန်းလှိုင် - ကုက္ကိုမြစ်ဝဆုံတဲ့နေရာက စီးဆင်းလာပြီး လှိုင်သာယာမြို့ လှိုင်မြစ်နဲ့ ပန်းလှိုင်မြစ်ဆုံတဲ့နေရာကို စီးဆင်းတဲ့မြစ်ဖြစ်ပါတယ်။

“ပန်းလှိုင်မြစ်ကောသွားတာနှစ်ပေါင်းများစွာကြာပါပြီ။ ဆားငန်ရေတွေ ဝင်ရောက်မှုကြောင့် နုန်းတွေတက်လို့ အစိတ်အပိုင်းတော်တော်များများ မြစ်ကောကြီးဖြစ်ပြီး မြစ်ကမ်းနံဘေးမှာရှိနေတဲ့ လယ်ကွင်းတွေရဲ့ မြေနေရာအနိမ့်အမြင့်တူညီတဲ့အဆင့်ရောက်တဲ့အထိ မြစ်ကကောသွားတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ ပြန်လည်တူးဖော်မှာဆိုတော့ ဒေသခံတွေကလည်း ဝမ်းသာကြပါတယ်။ ဒီဒေသက ရေချိုရှားပါးတဲ့ဒေသဖြစ်တယ်။ အခုလို ပြန်လည်တူးဖော်ပေးခြင်းဖြင့် ရာသီမရွေး ရေချိုရမယ်၊ နွေစပါးစိုက်ပျိုးဖို့လည်း အဆင်ပြေမယ်။ ရေငန်သတ္တဝါတွေ ပြန်လည်ဝင်လာပြီး ဒေသခံတွေအတွက် သားငါးတွေလည်း ပေါလာမယ်။

“မိုးတွင်းကာလမှာ တူးဖော်ခြင်းကတော့ ပန်းလှိုင်မြစ်ပတ်ဝန်းကျင်မှာ ဖြစ်တည်နေတဲ့ ရေတင်မှု၊ ရေနစ်မြုပ်မှုကို သိရပြီး ရေလျှော့ချဖို့ အရင်လုပ်ဆောင်တယ်။ လောလောဆယ်ရေထဲမှာသွားလို့ရတဲ့ သောင်တူးစက်နဲ့ ပန်းလှိုင်မြစ်ရဲ့ အုကြောင်းကို စတင်ဖယ်ရှားပြီး တူးဖော်တယ်။ စက်ယန္တရား စုစုပေါင်း အစီး ၄၀၀ နဲ့ ဆောင်ရွက်မှာဖြစ်တယ်။ ဒေသခံပြည်သူလူထုအတွက် ဘိုးဘွားတွေ လက်ထက်ကရှိခဲ့တဲ့ ဒေသမြစ်ကြီးကို ပြန်လည် ဆန်းသစ်စွာ ပေါ်ထွက်လာမှာကြောင့် အကျိုးရှိပါတယ်။ ပြည်သူတွေ လယ်သမားတွေအတွက် သွားရေးလာရေး၊ စားဝတ်နေရေးအဆင်ပြေစေမှာပါ။

“လှိုင်မြစ်နဲ့ ပန်းလှိုင်တံတားဆုံရာမှာ မြစ်ကပေ ၅၀၀ နဲ့ ၁၀၀၀ ကြား ကျယ်ဝန်းခြင်းကြောင့် ဒီရေအတက်အကျတိုက်ရိုက်ရှိနေတာက စိန်ခေါ်မှုတစ်ရပ်ဖြစ်တယ်။ ပန်းလှိုင်မြစ်တူးဖော်ရခြင်းက ဒေသအကျိုး၊ ပြည်သူတွေအကျိုးဆောင်ရွက်ခြင်းဖြစ်တာကြောင့် ဒေသခံတွေက နားလည်ပြီး ပူးပေါင်းဆောင်ရွက်ပေးစေလိုပါတယ်” ဟု ပြောသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် စီမံကိန်းစတင်ဆောင်ရွက်ရာ ရန်ကုန်အနောက်ပိုင်းခရိုင် နည်းပညာတက္ကသိုလ်အနီးမှ အစပြု၍ ထန်းတပင်လမုကျေးရွာနှင့် တွံတေးမြို့နယ် ကသပေါင်းကျေးရွာအဆုံး ကွင်းဆင်း၍ တောင်သူဦးကြီးများအပါအဝင် ဒေသခံမိဘပြည်သူ



ဦးအောင်မြတ်မျိုး
လ/ထ ညွှန်ကြားရေးမှူး
တည်ဆောက်ရေး (၁)
ဆည်မြောင်းဦးစီးဌာန။

များနှင့် တွေ့ဆုံမေးမြန်းရာတွင် ပန်းလှိုင်မြစ်ကြီး တိမ်ကောမှုကြောင့်ရေကြီးနစ်မြုပ်ကာ စပါးမစိုက်နိုင်ဘဲ လယ်သမားက ဆန်ပြန်ဝယ်စားနေရမှု၊ ဂေဟစနစ်ပျက်သုန်းမှုကြောင့် ရေလုပ်ငန်းသမားများက ငါး၊ ပုစွန်များကို ပြန်ဝယ်စားနေရမှု၊ လယ်ယာနှင့်ရေလုပ်ငန်းများ လုံးဝနီးနီး မလုပ်ကိုင်နိုင်တော့၍ လူငယ်မျိုးဆက်သစ်များမှာ လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများနှင့် ရန်ကုန်မြို့တို့၌ လုပ်သားအဖြစ် နေ့စဉ်သွားလာလုပ်ကိုင်နေရမှု အပါအဝင် ဒေသခံပြည်သူ့ အသံများကို အစုံအလင်း နီးပါးကြားသိခဲ့ရ၏။

သူတို့၏ မျှော်လင့်ချက်ပန်းတိုင်သည် ပန်းလှိုင်၊ သူတို့၏ဘဝသည်လည်း ပန်းလှိုင်မြစ်သာဖြစ်ပေရာ ယခုပန်းလှိုင်မြစ်၏ အသစ်တစ်ဖန် ပြန်လည်နိုးထရှင်သန်မှုသည် သူတို့၏ လူမှုစီးပွားဘဝကိုလည်း အသစ်တစ်ဖန် ပြန်လည်နိုးထရှင်သန်နိုင်စေမည်ဟု သူတို့အားလုံးနီးနီး ယုံကြည်လျက်ရှိနေကြပါသည်။ ။



ပန်းလှိုင်မြစ် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း စက်ယန္တရားဖြင့် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**✻ ကျောဖုံးမှ**

တပ်ဆင်ဖို့လျာထားခဲ့ပေမယ့် လက်ရှိမှာတော့ တည်ဆောက်တဲ့ပုံစံ အနည်းငယ် ပြောင်းလဲထားပါတယ်။ ဒလဘက်ကို တည်ဆောက်နေတဲ့ မြစ်ကူးတံတားအသစ် တည်ဆောက်ရာကို လမ်းကြောင်းပြောင်းထားတဲ့အတွက် ခန့်မှန်းလျာထားစရိတ်ကို ပြန်လည်စိစစ်တွက်ချက်နေပါတယ်” ဟု လူကူးတံတားတည်ဆောက်ရေး လုပ်ငန်းခွင်မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

တံတား၏ သံကူကွန်ကရစ်ရက်မကြီးကို ဩဂုတ် ၁၇ ရက်က တပ်ဆင်ပြီးစီးခဲ့ပြီဖြစ်ပြီး ကျန်ရှိနေသေးသည့် အချောသပ် လုပ်ငန်းများ၊ အမိုးနှင့် အကာအရံများ၊ စက်လှေကားနှင့် ရိုးရိုးလှေကားများ တပ်ဆင်ခြင်းအတွက် တစ်လခွဲခန့် အချိန်သတ်မှတ်လျာထားသဖြင့် စက်တင်ဘာလကုန်၌ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနိုင်မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေး လုပ်ငန်းခွင်မှ ဆောက်လုပ်ရေး အင်ဂျင်နီယာ ကိုစောသာက ရှင်းပြသည်။

အဆိုပါလူကူးတံတားမှာ အရှည် ပေ ၂၁၀၊ အကျယ် ၁၀ပေနှင့် ကင်းလွတ်အမြင့်မှာ ၁၉ပေ လေးလက်မခန့်ရှိပြီး လူကူးခုံးကျော် တံတား နှစ်ဖက်စလုံးရှိ အတက်ကို စက်လှေကားများ တပ်ဆင်ထားပြီး အဆင်းနေရာများကို ရိုးရိုးလှေကားများ တပ်ဆင်ပေးထားခြင်းဖြင့် လူကူးခုံးကျော်တံတားကို ပြည်သူများ သက်သောင့်သက်သာရှိစွာ အသုံးပြုသွားလာနိုင်မည်ဖြစ်သည်။

ဒလမြို့နယ်အတွင်းမှ နေ့စဉ်လူပေါင်း နှစ်သောင်းခွဲခန့် အသွားအပြန် ဖြတ်သန်းလျက်ရှိသည့် နန်းသီတာဆိပ်ကမ်းအနီး ကမ်းနားလမ်းနှင့် ပန်းဆိုးတန်းလမ်းဆုံရာ မီးပွိုင့်တစ်ဝိုက်သည် လူအများဖြတ်သန်းမှု၊ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းမှုနှင့် နေ့စဉ်ရန်ကုန်မြို့တော်အတွင်း ဖြတ်သန်းသွားလာနေသည့် ကိုယ်ပိုင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်များ ဖြတ်သန်းသွားလာမှုကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်အန္တရာယ် ဖြစ်ပေါ်ခြင်းများ နေ့စဉ် ဖြစ်ပွားနေရသည့်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အဆင့်မြင့် စက်လှေကား စနစ်သုံး လူကူးခုံးကျော်တံတားကို တည်ဆောက်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

# တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ လုပ်ငန်းစဉ်များ၏ ရလဒ်အပေါ် တိုင်းရင်းသားနိုင်ငံရေးပါတီများ ကျေနပ်အားရ



**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တွင် သုံးရက်တာကျင်းပခဲ့သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ လုပ်ငန်းစဉ်ဆွေးနွေးပွဲမှထွက်ပေါ်လာသော ရလဒ်များကိုကျေနပ်အားရမှုရှိကြောင်း၊ ယနေ့ MPC ၌ ပြုလုပ်ခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)နှင့် ပြည်နယ်ခုနစ်ခုမှ နိုင်ငံရေးပါတီတို့၏ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းရင်းသားနိုင်ငံရေးပါတီများက ထုတ်ဖော်ပြောကြားခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းမှုအဖွဲ့နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ ပထမဆုံးအကြိမ် သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် တက်ရောက်လာကြသည့် တိုင်းရင်းသားနိုင်ငံရေးပါတီ (၁၄)ဖွဲ့တို့က အကြံပြုချက်များမပေးမီ ယခုကဲ့သို့ ထောက်ခံခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ တွေ့ဆုံပွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း**(အပေါ်ပုံ)** က ဆွေးနွေးပွဲကျင်းပသည့် ယနေ့သည် နိုင်ငံတော်သမ္မတကြီး၏ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် အင်အားစုအားလုံး ပါဝင်ဆောင်ရွက်ကြရန် ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခဲ့သည့် သုံးနှစ်မြောက်နေ့နှင့် တိုက်ဆိုင်နေပါကြောင်း၊ အနာဂတ်တိုင်းပြည်တည်ဆောက်ရေးတွင် တိုင်းရင်းသားများ၏အခန်းကဏ္ဍသည် အရေးကြီးသည်ကို နိုင်ငံတော်အကြီးအကဲများက လက်ခံ၍ ယခုကဲ့သို့ လမ်းညွှန်မှုများပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် လိုအပ်လျက်ရှိသည့် စာချုပ်ပါအချက်အလက် (Single Text) (၁၂၂) ချက်အနက်တွင် အချက် ၃-၄ ချက်သာကျန်ရှိခဲ့ပြီး ဆက်လက်ညှိနှိုင်းသွားရန် သဘောတူထားကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် လာမည့်အနာဂတ်နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ပြင်ဆင်ရေးအတွက် အရေးကြီးကြောင်း၊ အစည်းအဝေးကို တက်ရောက်လာကြသည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင်များနှင့် နိုင်ငံရေးခေါင်းဆောင်များ၏ အမြင်သဘောထားများသည် တိုင်းပြည်အနာဂတ်အတွက် ကောင်းမွန်သည့်အခြေခံအုတ်မြစ်များအဖြစ် ခံယူထားပါ၍ တိုင်းပြည်အကျိုးကိုရှေးရှုကာ ရင်းရင်းနှီးနှီး အပြုသဘောဆောင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် NCCT အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်ကပြောကြားရာတွင် လွှတ်တော်များအနေဖြင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦး ပါဝင်သည့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များအား ဆောင်ရွက်လျက်ရှိပြီးတိုင်းရင်းသား အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကိုပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြပြီး ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားရေးရာနှင့်ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်စေရန် တန်းတူညီမျှရရှိရေး၊ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအစရှိသည့် ကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုများနှင့်စပ်လျဉ်းပြီး ဆောင်ရွက်လျက်ရှိကြောင်း တိုင်းရင်းသားအရေးကိစ္စများနှင့်စပ်လျဉ်းပြီး ပြောကြားသည်။

ယင်းနောက် NCCT မှ ဒုတိယခေါင်းဆောင်များဖြစ်ကြသည့် ပဒိုစောကွယ်ထူးဝင်းနှင့် ဗိုလ်ချုပ်ဂွမ်မော်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များက ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်နေ့အထိကျင်းပခဲ့သည့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲမှ ထွက်ပေါ်လာသောရလဒ်များသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးရရှိစေရန် နီးစပ်လာပြီဟု ယုံကြည်မိကြောင်း၊ ထို့အပြင် စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် အပြန်အလှန် ယုံကြည်မှုများသည် အရေးပါကြောင်းနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲရရှိသည့်ရလဒ်များဖြင့် အကောင်အထည်ဖော် တည်ဆောက်ရာတွင် ပါဝင်သင့်သည့် အချက်များအား အလွတ်သဘော အကြံပြုဆွေးနွေးခဲ့ကြသည်။

တိုင်းရင်းသား နိုင်ငံရေးပါတီများ၏ဆွေးနွေးမှုအပြီးတွင် စောင့်ကြည့်လေ့လာသူအဖြစ် တက်ရောက်လာသည့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဗီဂျေနမ်ဘီးယားက သမ္မတကြီး၏ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကုလသမဂ္ဂက စောင့်ကြည့်လေ့လာသူအနေဖြင့် ပါဝင်ခွင့်ရသည်မှာလည်း ထူးခြားလှကြောင်း၊ မကြာမီရက်များအတွင်းက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UNWP) တို့အကြား အပြုသဘောဆောင်ဆွေးနွေးနိုင်ခဲ့၍ ယခုလိုနှစ်ဖက်အဖွဲ့အစည်းများနှင့် တိုင်းရင်းသား နိုင်ငံရေးခေါင်းဆောင်များ ဆွေးနွေးနိုင်ခဲ့သည်ဟု ရှုမြင်မိပါကြောင်း၊ ကုလသမဂ္ဂက မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ဆောင်မှုဖြစ်စဉ်များအား အနီးကပ်စောင့်ကြည့်နေပါကြောင်း၊ တိုးတက်လာသည့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များသည် ငြိမ်းချမ်းဖော်ဆောင်သူများ၏ ကြိုးစားမှုကြောင့်ဟု သုံးသပ်ကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၆၀ လောက်ကတည်းကတည်းရှိနေခဲ့သော ပဋိပက္ခအား အဆုံးသတ်နိုင်ရန်အခြေခံအကျဆုံးသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးပင်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန်အခက်အခဲများရှိမည်ဖြစ်သော်လည်း ပြည်သူများ၏အကျိုးစီးပွားကို ဦးတည်ဆွေးနွေးနေသည်ကို တွေ့ရကြောင်း၊ ကုလသမဂ္ဂအနေဖြင့် ရှေ့လုပ်ငန်းများတွင် ကူညီထောက်ပံ့မှုများပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံရေးပါတီများ၏ ဆွေးနွေးချက်များအား NCCT အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းတို့က ပြန်လည်ဖြည့်စွက်ဆွေးနွေးကာ အခမ်းအနားကို ညနေ ၄ နာရီတွင် ရုပ်သိမ်းခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများနှင့် ကုလသမဂ္ဂမှအထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး တိုင်းရင်းသားများ တန်းတူညီမျှမှုရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးနှင့် ဖက်ဒရယ်အရေးစသည့်အချက်များ ဆွေးနွေးခဲ့သည့်အပေါ် တိုင်းရင်းသားနိုင်ငံရေးပါတီဝင်များက ဝမ်းသာကြိုဆိုပါကြောင်း ယနေ့တွင်ပြုလုပ်သော သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲတွင် တစ်ညီတစ်ညွတ်တည်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ **(သတင်းစဉ်)**

# မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၈**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့မွန်းလွဲ ၁၂ ခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး ယနေ့မွန်တည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယနေ့မွန်းလွဲ ၁၂ ခွဲ တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုး/ဇလဗေဒဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**



# ဇန်းမော်မှ ထွက်ခွာသည့်ခရီးသည် ပို့ဆောင်ရေးယာဉ်များ စစ်ဆေး

**ဇန်းမော် ဩဂုတ် ၁၈**

ခရီးသည်ပို့ဆောင်ရေးယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းပြီး ယာဉ်မတော်တဆဖြစ်ပွားမှု အန္တရာယ်များ ကြိုတင်ကာကွယ်သည့်အနေဖြင့် ခရီးသည်ယာဉ်များ စစ်ဆေးရေးအဖွဲ့တွင် ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးစန်းလွင်ဦး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဟန်တို့ ဦးဆောင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ယာဉ်ထိန်း) မီးသတ်တပ်ဖွဲ့နှင့် ခရိုင်ပုဂ္ဂလိကပိုင် မော်တော်ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၆ ရက်က ဇန်းမော်မြို့မှ မန္တလေးမြို့သို့ထွက်ခွာလာသည့် ခရီးသည်ပို့ဆောင်ရေးယာဉ်များတွင် လုပ်ငန်းလိုင်စင်စည်းကမ်းနှင့်ညီညွတ်မှု၊ မီးသတ်ဆေးဘူးပြည့်စုံကောင်းမွန်မှု၊ ယာဉ်ကြံ့ခိုင်ကောင်းမွန်မှု၊ အာမခံထားရှိမှု၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များပါရှိမှုနှင့်အရက်သေစာသောက်စားမှု အခြေအနေများကို ညွှန်ကြားချက်နှင့်အညီ စစ်ဆေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ၂၀၁၄-၂၀၁၅ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုနှင့် ကျောင်းကျန်းမာရေးစံပြကျောင်းများ ဆုချီးမြှင့်ပွဲအခမ်းအနားကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ်၌ ဩဂုတ် ၁၅ ရက်ကကျင်းပရာ ၂၀၁၃ -၂၀၁၄ ပညာသင်နှစ်အတွက် တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေးအဆင့်မြှင့်ကျောင်း မူလတန်းအဆင့် (စံပြထူးချွန်) ဆုရရှိသော အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဆရာမကြီး ဒေါ်ကေသွယ်ဝင်းအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း ဆုချီးမြှင့်စဉ်။ မိုးမိုး(လှိုင်)

# ၁၅ နှစ်ကျော် သက်တမ်းသာရှိသေးသည့်တိုက် အပေါ်နပ့်ဖူးစည်းပြိုကျ

**ရန်ကုန် ဩဂုတ် ၁၈**

ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သမာဓိလမ်း၊ အမှတ် ၈၃၆၊ နှစ်ခန်းတွဲခြောက်ထပ်တိုက် အပေါ်ဆုံးအထပ် ညာဘက်အခြမ်း၊ အခန်းပိုင်ရှင် ဒေါ်ခင်ခင်မြတ် အခန်းအပေါ်ခေါင်မိုးမှ ထုထည်သုံးလက်မခန့်ရှိ ကွန်ကရစ်နပ့်ဖူးစည်းပြိုကျမှု ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ယင်းတိုက်ကို ၁၉၉၉ ခုနှစ်ခန့်က ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုသက်တမ်းအားဖြင့် ၁၅ နှစ်ကျော်မျှသာ ရှိသေးကြောင်း အနီးဝန်းကျင်မှသူများက ဆိုကြသည်။

တိုက်အပေါ်ထပ် နပ့်ဖူးစည်းပြိုကျမှုကြောင့် လူအထိအခိုက်မရှိသော်လည်း စည်ပင်မှ လူနေထိုင်ခွင့် ယာယီပိတ်လိုက်သည့်အတွက် အခန်း ၁၂ ခန်းမှ နေထိုင်သူ ၆၄ ဦးတို့အား အနီးရှိ ပုညကာရီဓမ္မာရုံ၌ သက်ဆိုင်ရာက ယာယီနေရာချထားပေးခဲ့သည်။

အဆိုပါတိုက်သည် RC အမျိုးအစားဖြစ်သော်လည်း တည်ဆောက်စဉ်က အရည်အသွေးညံ့မှုကြောင့် ယခုကဲ့သို့ နှစ်အနည်းငယ်အတွင်း ပျက်စီးပြိုကျရခြင်း ဖြစ်ကြောင်း မီးသတ်အရာရှိတစ်ဦးက ပြောပြသည်။

တိုက်မှ ယာယီပြောင်းရွှေ့ရာ ဓမ္မာရုံသို့ပြောင်းရွှေ့ရေးတွင် တာမွေမြို့နယ် မီးသတ်ဦးစီးအရာရှိ ရဲသူရိန်ဌေးဝင်းဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက အကူအညီပေးခဲ့ကြသည်။

၂၀၁၄ ခုနှစ်မှာပင် အလုံမြို့နယ်အတွင်း တိုက်နေရောင်ကာပြိုကျရာမှ အလုပ်သမားများသေဆုံးခဲ့ရခြင်း၊ ကြည့်မြင်တိုင်မြို့နယ်အတွင်း တိုက်အမိုးပြိုကျရာမှ လူတစ်ဦးသေဆုံးခဲ့ရခြင်းအပေါ် တိုက်ခန်းနေသူများ၊ အနီးမှ ဖြတ်သန်းသွားလာနေကြသူများအနေဖြင့် စိုးရိမ်ပူပန်လျက်ရှိနေကြပြီး တိုက်များကို လူနေထိုင်ခွင့်မကျမီ သက်ဆိုင်ရာက စစ်ဆေးမှုများပြုရာ၌ တိကျစွာစစ်ဆေးမှုများ လိုအပ်နေပြီဖြစ်သကဲ့သို့ အန္တရာယ်ရှိ အဆောက်အအုံများကို ပြန်လည်စစ်ဆေးရန် လိုအပ်လာပြီဖြစ်ကြောင်း ပြောဆိုသံများ ထွက်ပေါ်လာခဲ့သည်။ **ကိုကြီးတင်**



# ပြည်ထောင်စုတရားသူကြီးချုပ် မှာကြားချက်ထပ်ဆင့်ရှင်းလင်း



**မော်လမြိုင် ဩဂုတ် ၁၈**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နေပြည်တော်၌ ကျင်းပခဲ့သော ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များသတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ် ၁၆ နံနက် ၉ နာရီခွဲက မော်လမြိုင်မြို့ မွန်ပြည်နယ် တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီး တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ပြည်ထောင်စုတရားသူကြီးချုပ် လမ်းညွှန်မှာကြားခဲ့သည့် လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြီး မွန်ပြည်နယ်တရားလွှတ်တော်တရားရေး ဦးစီးမှူးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များ၊ ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေးအခြေအနေနှင့် ရုံးလုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြပြီး မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးများက တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများ မှာကြားဆွေးနွေးကြသည်။ ပြည်နယ်တရားလွှတ်တော် တရားရေးဦးစီးမှူးက ခရိုင်နှင့်မြို့နယ်များ၏တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားသို့ မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ ဖြစ်ကြသည့် ဦးသိန်းမြင့်နှင့် ဦးညီညီစိုး၊ ပြည်နယ်တရားလွှတ်တော်တရားရေးဦးစီးမှူး၊ ရုံးအဖွဲ့မှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်တရားသူကြီးများ၊ ဒုတိယခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ တွဲဖက်မြို့နယ်တရားသူကြီးများ၊ ဒုတိယမြို့နယ်တရားသူကြီးများနှင့် တရားရုံးအဆင့်ဆင့်မှ ရုံးဝန်ထမ်းများ တက်ရောက်ခဲ့သည်။ **ကျော်သန်း (မော်လမြိုင်)**



## ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တနိုင်း ဩဂုတ် ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက်ရည်ရွယ်၍ ဒုတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၉ ရက် နံနက် ၇ နာရီက တနိုင်းမြို့ ဟူးကောင်းမြေဂေါက်ကွင်းအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(တနိုင်း)၊ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် တပ်မတော်အရာရှိများ၊ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် ဌာနဆိုင်ရာအရာရှိများ၊ ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန တာဝန်ခံနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း ၄၀၀ ကျော်တို့သည် ကျွန်း၊ ပျဉ်းကတိုးနှင့်ကံ့ကော်ပင် စုစုပေါင်း ၅၄၂ ပင်တို့ကို စိုက်ပျိုးခဲ့ကြကြောင်းသိရသည်။

**အောင်အောင်ထွေး(တနိုင်း)**

## နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**ပြင်ဦးလွင် ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)ရှိ ပြည်သူများကို မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် ပြင်ဦးလွင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဦးစီးဌာနရုံးမှ ဝန်ထမ်းများသည် ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စု လူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့နယ်အတွင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး ဦးစီးအရာရှိ ဦးသန်းထွန်းဦးနှင့် ဝန်ထမ်းများသည် ရပ်ကွက်/ ကျေးရွာများတွင် နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။ လုပ်ငန်းများဆောင်ရွက်ရာသို့ ပြင်ဦးလွင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွန်းဦး၊ ရပ်ကွက်ကြီး(၂)အုပ်ချုပ်ရေးမှူး ဦးမောင်တိုးနှင့်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ဝ၃၂)**

**ရန်ကုန် ဩဂုတ် ၁၈**

## မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ အခမ်းအနားကျင်းပ

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းက ကြီးမှူးကျင်းပသော ၂၀၁၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ကျန်းမာရေးဦးစီးဌာနခန်းမဆောင်၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်မြမြဝင်း၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်နန်းထွမ်းလှတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။

ယင်းနောက် အသင်းဒုတိယဥက္ကဋ္ဌ(၂)ပါမောက္ခဒေါ်ရင်မြနှင့် ဗဟိုအလုပ်အမှုဆောင်များက တစ်နှစ်အောက်ကလေးများ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးမှုဆန်းစစ်ခြင်း၊ မိခင်များ၏ မိခင်နို့စနစ်တကျ တိုက်ကျွေးရေး အသိအမြင်၊ ဗဟုသုတများ ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ လုံခြုံစိတ်ချ အန္တရာယ်ကင်းစွာ မွေးဖွားခြင်း၊ မွေးကင်းစကလေးများနှင့် ငါးနှစ်အောက်ကလေးများ ကာကွယ်ဆေးထိုးခြင်း၊ တိုက်ကျွေးခြင်းနှင့်ပြုစုစောင့်ရှောက်ခြင်း၊ မိခင်နို့စနစ်တကျတိုက်ကျွေးခြင်း ခေါင်းစဉ်များဖြင့် မိသားစုအသွင်စကားဝိုင်းဖွဲ့ဆွေးနွေးပွဲများကို ကျင်းပပြီး ဆုရကလေးငယ်များနှင့် မိခင်များကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**တပ်ကုန်း ဩဂုတ် ၁၈**

ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်ချက်အရ ငါးမျိုးများမပြုန်းတီးစေရေးနှင့် ကျေးလက်နေပြည်သူများဆင်းရဲမှုလျှော့ချနိုင်ရေးတို့အတွက်ရည်ရွယ်၍ မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၁၃ ရက်က တပ်ကုန်းမြို့နယ် ကံလှအုပ်စု တံခွန်တိုင်ကျေးရွာ ဦးစိုးတင့်ပိုင်ကန်အတွင်းသို့ ငါးမျိုးစိုက်ထည့်လွှတ်ပွဲကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တပ်ကုန်းမြို့နယ်ငါးလုပ်ငန်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒက္ခိဏသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ် ငါးလုပ်ငန်းဦးစီးမှူးများ လိုက်ပါ၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ တံခွန်တိုင်ကျေးရွာ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူတို့က ငါးမြစ်ချင်း၊ ငါးသားပေါက် ၁၅၀၀၀ ကောင်ရေ ငါးမျိုးများ စိုက်ထည့်ပေးကြကြောင်း သိရသည်။ **(၄၁၇)**

## ကောက်စိုက်စွမ်းရည်သရုပ်ပြပွဲကျင်းပ

**တောင်ကုတ် ဩဂုတ် ၁၈**

တောင်ကုတ်မြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍၂၀၁၄ ခုနှစ် မိုးစပါးကောက်စိုက်စွမ်းရည် သရုပ်ပြပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီက ကင်းတောင်စံပြကျေးရွာရှိ ကွင်းအမှတ် (၅၉-ဃ)မိုးစပါးဧက ၅၀ စံပြကွက်အတွင်း တောင်သူဦးတင်ဝင်း၏ ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧက၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလူမော်နှင့်ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းသိန်းနှင့်ဝန်ထမ်းများ ၊ မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ၊ ကင်းတောင်၊ ပေါက်ပြင်၊ တရဘ၊ ကျောက်မောင်နှမကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ တောင်သူများနှင့်ကောက်စိုက်သမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလူမော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးထွန်းသိန်းက ကောက်စိုက်စွမ်းရည်သရုပ်ပြပွဲကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီးနောက် ကင်းတောင်၊ တရဘ၊ ပေါက်ပြင်ကျေးရွာများမှ ကောက်စိုက်သမများက ကောက်စိုက်စွမ်းရည်သရုပ်ပြ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## စည်းကမ်းမဲ့ ယာဉ်မောင်းသူများ စစ်ဆေး

**ထားဝယ် ဩဂုတ် ၁၈**

ထားဝယ်မြို့တွင် ယာဉ်မတော်တဆဖြစ်ပွားမှုလျော့နည်းပပျောက်စေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရေးအတွက် အမှတ်(၈) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(ထားဝယ်)မှ ဒုတိယရဲမှူး သိန်းသန်းစောဦးဆောင်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတိယရဲအုပ်မောင်နိုင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့များ၊ မြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်ပြေးဆွဲရေး ကြီးကြပ်မှုကော်မတီဝင် ဦးကျော်မင်းတို့က ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ထားဝယ်မြို့ရှိ လမ်းငါးလမ်းဆုံရာ လမ်းဆုံကြီးမီးပွိုင့်တွင် စည်းကမ်းမဲ့ မော်တော်ယာဉ်မောင်းနှင်သူများကို စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

## နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်သည့် ရှေးအကျဆုံးသရက်ဂေါက်ကွင်း

**ပေါက်ကလေး(သရက်)**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်သရက်မြို့မြောက်ဘက် တစ်မိုင်ခန့်တွင်တည်ရှိသော သရက်ဂေါက်ကွင်းသည် ၁၈၈၇ ခုနှစ်မှာ စတင်ဖောက်လုပ်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် ရှေးအကျဆုံးဂေါက်ကွင်းဖြစ်၍ ယခုနှစ်ပေါင်း ၁၂၇ နှစ်ရှိကာ အရှေ့တောင်အာရှရှိ ရှေးအကျဆုံးဂေါက်ကွင်းများထဲတွင် တစ်ကွင်းအပါအဝင်ဖြစ်သည်။

သရက်ဂေါက်ကွင်း (Century Golf thayet) (the oldes Golf Course in myanmar)ဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ဂန္ထဝင်မြောက်ထင်ရှားသော ဗြိတိန်နိုင်ငံစကော့တလန်ပြည်နယ် မြောက်ပိုင်းရှိ st.Andrew Golf course သည် မြန်မာနိုင်ငံ သရက်မြို့တွင်ရှိသော THAYET Golf courseနှင့် Affiltated club ဖြစ်ပြီး (မိတ်ဆွေညီအစ်ကိုတော်)အဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ st.Andrew and THAYET Golf course တို့ သည် တစ်သင်းနှင့်တစ်သင်း ဂုဏ်ပြုခြင်းဖြင့် အပြန်အလှန်သွားရောက်ကစားနိုင်ပြီး (Green Fees)ပေးရန် မလိုဟု လေ့လာသိရှိရသည်။ ထိုကဲ့သို့ ထူးခြားသော အခွင့်အရေးသည် သရက်ဂေါက်ကလပ်အသင်းဝင်များနှင့်သရက်သားတို့၏ ဂုဏ်ယူစရာတစ်ခုဖြစ်သည်။ သမိုင်းတွင်သည့် သရက်ဂေါက်ကွင်းကို ၁၈၈၇ ခုနှစ်မှာ အမှတ်(၁၁) ဘင်္ဂလားခြေလျင်တပ်ရင်း၊ တပ်ရင်းမှူး၊ ဗိုလ်မှူးကြီးဆင်ဖို့စ်နှင့် စစ်အင်ဂျင်နီယာ ဗိုလ်ကြီးရစ်ချက်ဆာဝဲလ်တို့က ဖောက်လုပ်ခဲ့သည်။ သရက်ဂေါက်ကွင်းသည် ကိုးကျင်းဖြစ်ပြီး အပြန်အလှန်ကစားခြင်းဖြင့် စုစုပေါင်း ၆၉၂၅ ကိုက်အရှည်ရှိ၍ သတ်မှတ်ရိုက်ချက် ၇၂ ချက်ဖြစ်သည်။

၁၉၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ ဂေါက်ကွင်းကပွဲတိန်အစဉ်အဆက်ထိန်းသိမ်းလာခဲ့ပြီး ယခုဦးဝင်းနိုင်(နာရီ)ကုန်သည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

သဘာဝ သစ်တောများနှင့် သရက်ဂေါက်ကွင်းသည် အခြားဂေါက်ကွင်းများနှင့်မတူ Fairway အချိုးအကွေ့များ၊ မျက်ကွယ်များ၊ အနိမ့်အမြင့်များ Fairway အနိမ့်အစောင်းများ၊ Fairway လေစုန်လေဆန်ရိုက်ချက်များ၊ သဲကျင်းဆန်ခါများ၊ အတားအဆီးများသူ့နေရာနှင့်သူ စနစ်တကျဖွဲ့စည်းထားသည်။

မြန်မာနိုင်ငံတွင် ဂေါက်ကွင်းအစ သရက်ကဟု ပြော၍ရနိုင်သည်။ သရက်ဂေါက်ကွင်း (the oldes Golf course in Myanmar) သို့ ကမ္ဘာအရပ်ရပ်မှ နိုင်ငံခြားခရီးသွားဧည့်သည်များ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ဧရာဝတီမြစ်ရေ ရေစုန်ရေဆန်သွား စင်းလုံးငှားသင်္ဘောကြီးများဖြင့် လာရောက်လေ့လာကြပြီး အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ ကျင်းစိန်ကစားခြင်း၊ အသင်းဝင်ခြင်း၊ ဂေါက်ကွင်း အမှတ်တရဦးထုပ်၊ အင်္ကျီများ အမှတ်တရဝယ်ယူခြင်းများ ပြုလုပ်ကြသည်။

သရက်ဂေါက်ကွင်းသို့ အနယ်နယ်အရပ်ရပ်မှ ဂေါက်သီးအားကစားဝါသနာရှင်များအနေဖြင့် အဝေးရောက် အသင်းဝင်ခြင်း၊ ဂေါက်သီးလာရောက်ကစားနိုင်ခြင်းများ ပြုလုပ်နိုင်ကြောင်း သိရသည်။



ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၁၈**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ကြီးမှူးဖွင့်လှစ်သည့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်အဖြစ် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၄)ဖွင့်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ဒဂုံဆိပ်ကမ်းသင်္ဘောကျင်း ဧရာခန်းမ၌ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေက ဝန်ကြီးဌာန၏ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ဝန်ထမ်းအားလုံး ရာထူးအဆင့်အလိုက် တာဝန်ယူမှု၊ တာဝန်သိမှု၊ တာဝန်ခံမှုတို့နှင့်အတူ အထက်အောက်ကွင်းဆက်ချိတ်ဆက်၍ အောင်မြင်အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ ဝန်ထမ်းများ၏ တစ်ဦးချင်းစွမ်းဆောင်ရည်မြှင့်တင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အရာထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ စာရင်းစစ်ချုပ်ရုံး၊ ရသုံးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာဘာသာရပ်ခေါင်းစဉ်များဖြင့် သင်ကြားဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းကို ဩဂုတ် ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသား သင်တန်းသူအရာရှိ ၁၃၉ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျောင်းကျန်းမာရေးသီတင်းပတ်ကာလအတွင်း ပညာပေးကုသရေးဆောင်ရွက်

**ဖျာပုံ ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် ဩဂုတ် ၁၁ ရက်မှ ၁၆ ရက်အထိ သတ်မှတ်ထားခြင်းကို ဖျာပုံခရိုင် တိုင်းရင်းဆေးကုဌာနမှ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်ရီရီလှ၊ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်ခင်မျိုးသန့်နှင့် ဝန်ထမ်းများ သည် ဩဂုတ် ၁၃ ရက်က အမှတ် (၄) အမက (စံပြ) (၅)လမ်းကျောင်းရှိ ကျောင်းသား ကျောင်းသူများကို ကျောင်းကျန်းမာရေးဟောပြောပွဲနှင့် တိုင်းရင်းဆေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

ခရိုင်တိုင်းရင်းဆေးမှူးက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လိုက်နာရန်၊ ရှောင်ကြဉ်ရန်အချက်များကို ကျောင်းသားကျောင်းသူ ၁၆၅ ဦးအား ဟောပြောခဲ့ပြီး ကျောင်းသားကျောင်းသူ ၄၅ ဦးအား ချောင်းဆိုး၊ အစာမကြေ၊ အဖျားရောဂါများအတွက် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။ ဆက်လက်၍ ဖျာပုံမြို့တွင် လစဉ်ဘိုးဘွားရိပ်သာရှိ အဘိုး အဘွားများကို တစ်လလျှင်တစ်ကြိမ်၊ မင်းကျောင်းပရိယတ္တိစာသင်တိုက်ကြီး၏ တရားစခန်းပွဲများတွင်လည်းတစ်လလျှင် နှစ်ကြိမ်နှင့်သမိဒ္ဓေါထေပရိယတ္တိစာသင်တိုက်တွင်လည်း တစ်လလျှင်တစ်ကြိမ် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (ဖျာပုံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၈-၈-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၈၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၇၀၀-၄၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၃၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၆၀၀၀-၉၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၈၀-၉၈၂ |
| ဥရောပ | တစ်ယူရို | ၁၃၃၇-၁၃၄၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၅-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၀.၂-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၃၂ |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅-၃၁၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧည့်သာအသစ်) | တစ်အိတ် | ၁၇၅၀၀-၁၇၈၀၀ |
| ပေါ်ကျွဲ (အသစ်) | တစ်အိတ် | ၂၂၅၀၀-၂၃၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၇၀၀၀-၃၁၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၆၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၉၀-၁၄၉၅ |
| ဆိပ်ဖြူကြက်သွန်ဖြူ | တစ်ပိဿာ | ၂၅၀-၅၅၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၀၅၀-၁၇၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၁၅၀-၁၃၅၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၂၈၀-၆၈၀ |
| ငရုတ်ရှည် (ညောင်ရမ်း) | တစ်ပိဿာ | ၂၄၀၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၃၈၀၀-၄၄၀၀ |
| သကြား | တစ်ပိဿာ | ၉၁၀-၉၄၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဓာတ်ပုံ/တင်ပြသည်။

# တက္ကသိုလ်ပညာသင်စရိတ် ထောက်ပံ့ငွေများပေးအပ်

**ရန်ကုန် ဩဂုတ် ၁၈**

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် နောက်ဆုံးသုံးလ တက္ကသိုလ်ပညာသင်စရိတ် ထောက်ပံ့ခြင်း အခမ်းအနားကို ဩဂုတ် ၁၇ ရက်က အသင်းရုံးတည်ရှိရာ ရန်ကြီးအောင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့၌ ကျင်းပသည်။



ရှေးဦးစွာ ခရမ်းမြို့နယ်အသင်း (ရန်ကုန်)ဒုတိယဥက္ကဋ္ဌ ဦးအေးလွင်နှင့် ပညာရေးကော်မတီအတွင်းရေးမှူးဦးတင်မြင့်တို့က အမှာစကားပြောကြားပြီး အသင်းသား အသင်းသူများ၏ သားသမီးများထဲမှ တက္ကသိုလ်အသီးသီး၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား ၂၀၁၃-၂၀၁၄ ပညာသင်နှစ် နောက်ဆုံး သုံးလအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၃၇၆၀၀၀၀ ကို တစ်ဦးချင်းပေးအပ်ခဲ့သည်။ **(အောက်ဝဲပုံ)**

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ပညာရေးကော်မတီသည် ဒေသတွင်းနှင့် အဝေးရောက် အသင်းသား အသင်းသူများ၏ သားသမီးများ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးနောက် တက္ကသိုလ်အသီးသီးသို့ တက်ရောက် ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများကို ပညာသင်ထောက်ပံ့ကြေးများ ပေးလာခဲ့သည်မှာ ခုနစ်နှစ်ရှိသွားပြီဖြစ်ပြီး ယခုနှစ်တွင်လည်း ကျောင်းသား ကျောင်းသူ ၃၆ ဦးကို ထောက်ပံ့ထားသည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**

### ◆ ကျောဖုံးမှ

အမှတ်ပေးဇယားထိပ်ဆုံးမှ ရတနာပုံအသင်းနိုင်ပွဲဆက်နေချိန်တွင် ဒုတိယနေရာမှ လက်ရှိချန်ပီယံ ရန်ကုန်အသင်းကလည်း အမှားအယွင်းမရှိ နိုင်ပွဲများရယူကာ ရတနာပုံကို လေးမှတ်အကွာဖြင့် ဆက်လက်ဖိအားပေးနေသည်။ ဇွဲကပင်အသင်း၏ခြေစွမ်းမှာသာမန်သာရှိခဲ့ပြီး ခံစစ်ကစားပုံမှာလည်း အမှားအယွင်းများခဲ့၍ ပွဲအစ ၃၁ မိနစ်အတွင်း သုံးဂိုးအထိပေးခဲ့ရသည်။

လက်ရွေးစင်နောက်ခံလူ သိန်းဇော်ပွဲပယ်ခံထားရချိန်တွင် ခံစစ်နေရာအတွက် အသင်းခေါင်းဆောင် ဂျီနွန်ဆီယန်ကို တိုနီနှင့် တွဲပေးရမည့်အစား ကိုကိုဟိန်းကိုထားကစားခဲ့၍ ရန်ကုန်တိုက်စစ်ကို မထိန်းချုပ်နိုင်ခဲ့ပေ။ ရန်ကုန်အသင်းအတွက် ၁၅၊ ၂၇ မိနစ်တွင် ကျော်ကိုကို၊ ၃၁ မိနစ်တွင် အီမာဆင်တို့က အနိုင်ဂိုးများသွင်းယူပေးခဲ့ပြီး ပထမပိုင်းတွင် သုံးဂိုးပြတ်ဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် ဇွဲကပင်အသင်းချေပဂိုးရရှိရန် ကစားအားမြင့်လာပြီး ၄၈ မိနစ်တွင် အဇစ်၊ ၈၆ မိနစ်တွင် ပယ်နယ်တီမှ ကင်တာရိုတို့က ချေပဂိုးများသွင်းယူပေးခဲ့သည်။ ရန်ကုန်အသင်းအတွက် စတုတ္ထဂိုးကို ၇၈ မိနစ်တွင် အီမာဆင်က သွင်းယူခဲ့ပြီး ယခုပွဲတွင် ဇွဲကပင်ဂိုးသမား သန်းဇော်လင်းနှင့် ရန်ကုန်နောက်ခံလူ အောင်သိုက်တို့အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

အောင်ဆန်းကွင်း၌ ကစားသည့် ကမ္ဘောဇနှင့် ဆောက်သမ်းပွဲတွင် ကမ္ဘောဇက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

ပွဲစဉ်(၁၈)အပြီးတွင် ရတနာပုံအသင်းက ၄၁ မှတ်ဖြင့် ပထမ၊ ရန်ကုန်အသင်းက ၃၇ မှတ်ဖြင့် ဒုတိယ၊ ကမ္ဘောဇအသင်းက ၃၄ မှတ်ဖြင့်တတိယ၊ နေပြည်တော်အသင်းက ၃၂ မှတ်ဖြင့် စတုတ္ထနေရာတို့တွင်ရပ်တည်နေသည်။

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်

**နေပြည်တော် ဩဂုတ် ၁၈**

၂၀၁၄ ခုနှစ် သတ္တမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ညနေပိုင်းက နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၃)နှင့်(၄)တို့တွင် ဆက်လက်ကျင်းပရာ ကွင်းအမှတ်(၃)တွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ကွင်းအမှတ်(၄)၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေကျနေ၍ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ဂိုးကန်သွင်းရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်းအနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ **(သတင်းစဉ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | | | |
|---|---|---|---|
| (က) | တောင်ငူမြို့ | နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ | ၁ လုံး |
| (ခ) | ဇီးကုန်းမြို့ | နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ | ၁ လုံး |
| (ဂ) | ပန်းတောင်းမြို့ | လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ | ၁ လုံး |
| (ဃ) | ပဲခူးမြို့ | လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ | ၁ လုံး |
| (င) | ပဲခူးမြို့ | ငါးယူနစ်နှစ်ထပ် မီးသတ်စခန်း | ၁ လုံး |
| (စ) | ပဲခူးမြို့ | လူပျိုဆောင် | ၁ လုံး |
| (ဆ) | ဖြူးမြို့ | ငါးယူနစ်နှစ်ထပ်မီးသတ်စခန်း | ၁ လုံး |
| (ဇ) | နတ်တလင်းမြို့ | ငါးယူနစ်နှစ်ထပ် မီးသတ်စခန်း | ၁ လုံး |
| (ဈ) | ကဝမြို့ | နှစ်ယူနစ်နှစ်ထပ် မီးသတ်စခန်း | ၁ လုံး |
| (ည) | ကဝမြို့ | လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာ | ၁ လုံး |
| (ဋ) | မင်းလှမြို့ | ပြင်ပရေနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်း | ၁ ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတွင် ၂၁-၈-၂၀၁၄ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁၀-၉-၂၀၁၄ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည် ဖြစ်ပါသည်။ ၁၇-၉-၂၀၁၄ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်း နံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဖုန်း-၀၅၂-၂၁၁၈၁၁

(ခ) တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး ဖုန်း-၀၅၂-၂၁၂၇၂

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**



## ပြန်ကြားရေးဝန်ကြီးဌာန
### သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနအတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
## တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနတို့တွင် အသုံးပြုရန်လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံးပစ္စည်းများကို အောက်ပါအတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Dell Optiplex 9020MT | ၁၀၀ လုံး |
| (ခ) | Sony Laptop(Core i5-4200U) | ၅ လုံး |
| (ဂ) | Canon Color Printer | ၃ လုံး |
| (ဃ) | Canon Portable Scanner | ၄ လုံး |
| (င) | Canon Fax(Fax Only) | ၅ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၈-၂၀၁၄ရက်မှ ၃၀-၈-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃-၉-၂၀၁၄ ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇- ၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေး** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **နှင့်ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇-၄၁၂၃၂၇** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၃၅၃၅၇ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့် ၇/တကန(နိုင်)၀၅၅၅၄၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ) မြေကွက်အမှတ် ၁၃/၁၅၇၀-က၊ အလျား×အနံ ပေ(၂၀×၆၀)၊ (၁၆)ရပ်ကွက်၊ ရတနာလမ်း မြေကွက်ကို မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနက ဦးထွန်းကြည် U/RGN-001012အား တရားဝင် ချထားပေးခဲ့ပါသည်။

ဦးထွန်းကြည်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိုးကြည် ၁၄/ညတန(နိုင်)၁၁၇၉၄၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားဖြင့် ကျွန်ုပ်ထံသို့ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်စန္ဒာလင်း**

**ဖုန်း-၀၉-၄၉၂၈၁၉၅၅၊ ၀၉-၄၉၃၀၅၉၀၃**

ကြော်ငြာ


Golden Link Condo
Developed By Htike Sin Company Limited
HERMES
CHANEL
LOVE THE CITY LIKE YOU LOVE SOMEONE
Dhammazedi Road
Link Road
Yangon Medical Center
Shwegondaing Road
U Wisara Road
Shwedagon Pagoda
Condo တိုက်ခန်းတွင်နေထိုင်ပြီး ဆိတ်ငြိမ်ရပ်ကွက်အတွင်း လုံခြုံစိတ်ချစွာနေထိုင်ရသကဲ့သို့ စိတ်ချမှုရရှိစေမည့် ရန်ကုန်မြို့ တစ်ခုတည်းသော Condominium.
လုံခြုံမှုအတွက်စိတ်ချရမှုအရှိဆုံးကြည်လင်မှုအဆင့်ရှိ Lobby System.
ရွှေတိဂုံစေတီတော်မြတ်ကြီး၊ Market Place, International School တို့နှင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်သော အချက်အချာနေရာ
နိုင်ငံတကာအဆင့်မီ Shopping Mall, ကျောက်မြတ်ရတနာ အရောင်းဆိုင်များ၊ အဆင့်မြင့် စားသောက်ဆိုင်များ၊ Bank များပါဝင်သောအဆင့်မြင့် Comdominium.
ရန်ကုန်မြို့၏ အချက်အချာ လင့်လမ်းနှင့် ဓမ္မစေတီလမ်းထောင့်တွင်တည်ရှိသော First Class Location.
Our New Project - Forest Oasis Condominium,
Partnership & Management By Team Build Construction Pte.,Ltd
Show Room
Location - Corner of Damazayti Road & Link Street, Golden Link Condominium Project Area, Bahan.TSP, Yangon. Tel : 09 86 237 37, 09 86 239 39.

# ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်သင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၁၈

စမ်းချောင်းမြို့မ ရဲစခန်းဝင်းရှိ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ မွမ်းမံသင်တန်းကျောင်း ရဲကျော်စွာခန်းမ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် EU (ဥရောပသမဂ္ဂ)တို့ ပူးပေါင်းဖွင့်လှစ်သည့် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်သင်တန်းအမှတ်စဉ် (၁၁/၂၀၁၄) ဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းကြည်၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးမြင့်ကြည်၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်လွင်၊ EU Project မှ Mr.David Hamilton၊ စမ်းချောင်းမြို့နယ်၊ ဒဂုံမြို့နယ်၊ ကမာရွတ်မြို့နယ်၊ မင်္ဂလာတောင်ညွန့် မြို့နယ်တို့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲအရာရှိများ၊ စမ်းချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရွှေနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ TOTသင်တန်းနည်းပြအရာရှိများနှင့် သင်တန်းသားအခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၁၆ ဦးတို့ တက်ရောက်ခဲ့ကြသည်။

**ပေးအပ်**

အဆိုပါ အခမ်းအနား၌ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းကြည်နှင့် EU မှ Mr.David Hamilton တို့က အမှာစကားများ ပြောကြားခဲ့ကာ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး Mr.David Hamilton က နှစ်နိုင်ငံ အလံရင်ထိုးတံဆိပ်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(SP)**



# စံပြမိခင်ပြိုင်ပွဲနှင့် အာဟာရချက်ပြုတ်သရုပ်ပြ

နေပြည်တော် ဩဂုတ် ၁၈

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် အလျင်လို ကျေးလက်ကျန်းမာရေးဌာန၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲနှင့် အာဟာရချက်ပြုတ်သရုပ်ပြပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နှင့် ပတ်သက်၍ နေ့စဉ်အာဟာရ စားသုံးရာတွင် အစာအုပ်စု သုံးအုပ်စုလုံး ပါဝင်အောင် စားသုံးပေးရန်၊ မွေးကင်းစကလေးငယ်များကို အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ စနစ်တကျတိုက်ကျွေးရန်၊ ကျန်းမာရေး အသိပညာပေး ရှင်းလင်းပြောကြားသည်။

ပြိုင်ပွဲ၌ ဆုရရှိသည့်မိခင်များကို ဒက္ခိဏခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်မော်မော်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်တို့က ဆုများချီးမြှင့်ခဲ့ပြီး ကိုယ်ဝန်ဆောင်များကို အာဟာရဖြစ်အစားအစာများ ထောက်ပံ့ခြင်းနှင့် ငါးနှစ်အောက်ကလေးငယ်များကို ဗီတာမင်အေအားဆေး တိုက်ကျွေးခဲ့သည်။ ထို့နောက် အာဟာရချက်ပြုတ် သရုပ်ပြပွဲ ကျင်းပခဲ့သည်။ **(အပေါ်ပုံ) (၁၅၄)**



# ပိုးမွှားရောဂါကျရောက်မှုအခြေအနေ ကွင်းဆင်းစစ်ဆေး

ထားဝယ် ဩဂုတ် ၁၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်လှသည် ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဦးဝင်းမင်းထွန်း၊ ခရိုင် လက်ထောက်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်ဆွေဦးတို့ လိုက်ပါလျက် ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီက ရေဖြူမြို့နယ် ညင်းထွေးကျေးရွာ တောင်သူ ဦးစိုးသိန်း၏လယ်မြေ ၅ ဒသမ ၀၀ ဧကတွင် GAP စနစ်ဖြင့် GW-1ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့အား ရေဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်ဌေးနှင့် ဝန်ထမ်းများက ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးမှုအခြေအနေကို ရှင်းလင်းပြောကြား၍ ခရိုင်ဦးစီးမှူးက GAP (၁၄)ချက်ဖြင့် မိုးစပါးစိုက်ပျိုးနည်းစနစ်ကိုလည်းကောင်း၊ ပုလဲသွယ်စပ်မျိုးစပါး၏ လက်ရှိစိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး လာရောက်ကြည့်ရှုလေ့လာကြသည့် တောင်သူများ၏မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးဝင်းမင်းထွန်းနှင့် အဖွဲ့က စိုက်ပျိုးပွဲသို့ လာရောက်လေ့လာကြသော တောင်သူများနှင့် ဝန်ထမ်းများအား တောင်သူဦးအောင်မြင့်၏လယ်မြေ ၂ ဒသမ ၀၀ ဧက၌ စိုက်ပျိုးထားသော ကျော်ဇေယျ စပါးစိုက်ခင်းအတွင်း သီးနှံဖျက်ပိုးမွှားများအား ကင်းထောက်မှတ်တမ်းကောက်ယူနည်းစနစ်ကိုလည်းကောင်း၊ ကွင်းအတွင်း တွေ့ရှိရသည့် မိတ်ဆွေပိုးနှင့် သီးနှံဖျက်ပိုးများကိုလည်းကောင်း လက်တွေ့ပြသ၍ ကာကွယ်နှိမ်နင်းရေးနည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေး

ပေါင် ဩဂုတ် ၁၈

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် လျှပ်စစ်မီးအသုံးပြုသူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် အိမ်တိုင်ရာရောက် ပညာပေးရှင်းလင်းပွဲများကို ပေါင်မြို့ပေါ်ရှိ ရပ်ကွက်လေးခုလုံးတွင် ဩဂုတ် ၁၆ ရက်က မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးမိုင်းအောင်နေထွန်းနှင့် ဝန်ထမ်းများက ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး လျှပ်စစ်ပစ္စည်းများကိုင်တွယ်အသုံးပြုရာတွင် သတိပြုရမည့် အချက်များကို အိမ်တိုင်ရာရောက် ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(iprd)**

# ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက် မီးလင်းရေးဆောင်ရွက်

ရေဦး ဩဂုတ် ၁၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော ဒေသများသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်ရေး အလေးထားဆောင်ရွက်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် ကျေးရွာပေါင်းခုနစ်ရွာမှ ဒေသခံမိဘပြည်သူများသည်လည်း မိမိကျေးရွာလူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး အရေးပါလှသည့် ကျေးလက်မီးလင်းရေး လုပ်ငန်းကို မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချရေးဦးစီးဌာန၏ ခွင့်ပြုချက်ရယူကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြသည်။

ကျေးရွာမီးလင်းရေး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ကြသည့် ရွာဗုကြီး၊ ပေကုန်း၊ စည်းမ၊ ကြို့ထိန်း၊ တပ်သစ်၊ ဆီဆုံနှင့် မုံတိုင်ပင်စံပြကျေးရွာတို့မှ မိဘပြည်သူတို့၏ ဆန္ဒနှင့်အညီ စုပေါင်းထည့်ဝင်ငွေဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ကြသည်။ ကျေးရွာမီးလင်းရေးအတွက် ကုမ္ပဏီနှစ်ခုဖြစ်သော ဝင်းဇော်အဖွဲ့နှင့် မန်မိန်းကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးရွာအိမ်ခြေ အနည်းအများအပေါ် မူတည်၍ (၁၅၀-၂၀၀-၃၁၅) KV ထရန်စဖော်မာများ တပ်ဆင်သွားမည်ဖြစ်သည်။ယခုအခါ ကွန်ကရစ်မီးတိုင်များစိုက်ထူခြင်းနှင့် 11 KV ဓာတ်အားလိုင်း တပ်ဆင်မှုအပိုင်းပြီးစီးနေပြီး 0.4 KV ဓာတ်အားလိုင်းကြိုးများ ဆက်လက်တပ်ဆင်လျက်ရှိသည်။ ကျေးရွာခုနစ်ရွာတွင် အိမ်ခြေ ၈၀၀ ကျော်ရှိပြီး ကျေးရွာမီးလင်းသည်အထိ တစ်အိမ်လျှင် ငွေကျပ် ၉၀၀၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး နေအိမ်မီးလင်းသည်အထိ တစ်အိမ်လျှင် ငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း၊ လမ်းမီးလင်းသွားပါက ဆင်းရဲချမ်းသာမရွေး မီတာတပ်ဆင်အသုံးပြုနိုင်အောင်စီစဉ်ထားကြောင်း ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စန်းက ပြောသည်။

ထို့ပြင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်မီးလင်းရေး စီမံချက်အရ အဆိုပါကျေးရွာများထဲမှ လျှပ်စစ်မီးရရှိရန် ခက်ခဲသည့် အိမ်ခြေ ၁၀၈ အိမ်ရှိ အင်ပင်ကျေးရွာအတွက် ဆိုလာပြား ၉၈ ခုနှင့် ဆက်စပ်ပစ္စည်းများကို အခမဲ့ပေးဝေခဲ့ရာ ယခုအခါ ဆိုလာပြားအသုံးပြုခြင်းဖြင့် မီးလင်းနေပြီဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၉၉၃၇၂ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၉/မနတ(နိုင်)၀၀၀၅၅၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၈၅၇၃၄ Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းယုလွင် ၉/မနတ(နိုင်)၀၀၄၉၇၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

## အများသိစေရန်ကြေညာခြင်း

သိန်းနီမြို့၊ ရပ်ကွက်(၃)၊ နှင်းဆီလမ်း၊ အကွက်(၃)၊ ဦးပိုင်(၂၃)၊ မြေဧရိယာ ၀ဒသမ၂၅၂ဧကသည် ဦးရောဘတ် NYHE -144972 အမည်ပေါက်မြေကွက်အား သိန်းနီမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဒေါ်နန်းရွှေရင် ၁၃/သနန(နိုင်)၀၀၂၉၇၉မှ ဝယ်ယူထားပြီး ၄င်းမြေငှားဂရန်ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်အမည်ပြောင်းအသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နန်းရွှေရင်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ညောင်ပင်လေးပလာဇာ၊ အမှတ်(၉၀၇၊ B)နေ ဒေါ်ခင်အေး ၁၂/လမတ(နိုင်)၀၁၅၀၁၇ ၏လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးမြောက်ကွင်း၊ ကွင်းအမှတ်(၆၈၁/ဂ)၊ ဦးပိုင်အမှတ်(N-၅၉) အကျယ်အဝန်း (၂)ဧကအနက် ၀ဒသမ ၈ ဧကမြေကွက်အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းသူ ဦးထွန်းဝင်း (MMO-၂၇၉၁၃၄)ထံမှ မြေကွက်နှင့် အထက်အဆိုပါမြေကွက် (၂)ဧကအနက် ၀ဒသမ ၆ဧကမြေကွက်အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းသူ ဦးနေသူရိန် ၁၂/အစန(နိုင်)၁၅၀၃၆၉တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက် နှစ်ကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နော်ဆာဝါးထူး LL.B
အထက်တန်းရှေ့နေ
သဇင်အသံလွှင့်ဌာန ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၄၀၂၅၁၀၈၁၈

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ပေါက်တောကျေးရွာအုပ်စုနေ ဦးရွှေသိန်း၏သမီး မနီနီအေး ၉/သစန(နိုင်)၁၁၂၇၁၇နှင့် မနီနီသိန်းမှာ တစ်ဦးတည်းဖြစ်ပါသည်။

မနီနီသိန်း

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၅၁၉၇၉ Zongshen 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇောဟန် ၉/ခမစ(နိုင်)၀၃၈၃၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၅၉၈၀၈ Honda C 90 Custom CMV, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်အေး ၉/မရတ(နိုင်)၀၂၉၉၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာအေး၏အဘွား ဒေါ်ဇော်ဒါဘီ(ခ)ဒေါ်ဆာရာဘီ အမည်ပေါက်သော ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ အကွက်အမှတ်(၆)၊ ဈေးမြောက်ရပ်၊ ဦးပိုင်အမှတ် ၈၈၊ မြေယာအမှတ် ၂၀၃၊ ဧရိယာ ၀ဒသမ ၀၅၁ဧကရှိ ဂရန်မူရင်းပျောက်ဆုံးနေပါသဖြင့် အဆိုပါဂရန်မိတ္တူမှန် လျှောက်ထားမည်ဖြစ်ပါသောကြောင့် အထက်ပါ ဒေါ်ဇော်ဒါဘီ(ခ)ဒေါ်ဆာရာဘီအမည်ပေါက် ဂရန်မိတ္တူမှန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်ခင်ရွှေထူး LL.B
အထက်တန်းရှေ့နေ
စဉ်-၃၄၀၅၉
အမှတ်(၉၈)၊ (၈)လမ်း၊ (၇)ကွက်၊
ရကက(၄)၊ ပြင်ဦးလွင်မြို့

# မဲဇာမြစ်ကမ်းလယ်မြေများ မိုးရေမရ၍ အခက်ကြုံ

**အင်းတော်မြို့နယ်အတွင်းရှိ မဲဇာမြစ်အနောက်ဘက်ကမ်းရှိ လယ်မြေများ ယနေ့အချိန်အထိ မိုးကောင်းစွာမရရှိသဖြင့် မိုးစပါးစတင်စိုက်ပျိုးရန် အခက်အခဲများ ကြုံတွေ့နေရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။**

**အင်းတော် ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်ရှိ လက်ပန်တန်းကျေးရွာအုပ်စု ထန်းတောကျေးရွာအနီး မိုးရာသီစပါးစိုက်ပျိုးကြမည့် လယ်ယာမြေများသည် မိုးကောင်းစွာမရရှိသဖြင့် စိုက်ပျိုးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။



"ထန်းတောကျေးရွာနဲ့ သက္ကယ်ကျင်းကျေးရွာအနီးမှာရှိတဲ့ လယ်ယာမြေတွေမှာ စပါးမစိုက်ပျိုးရသေးတဲ့ လယ်မြေတွေ အများကြီးရှိတယ်။ ကျွန်တော်ဆိုရင် ကောက်တစ်ပင်မှ မစိုက်ရသေးဘူး" ဟု ထန်းတောကျေးရွာ တောင်သူကြီး ဦးသန်းထွန်းက ပြောကြားသည်။

အင်းတော်မြို့နယ်တွင် မိုးရာသီစပါးစိုက်ပျိုးရန်အတွက် သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနမှ စိုက်ပျိုးရန် လျာထားသည့် ဧကမှာ ၄၈၄၁၁ ဧကအထိ ရှိသော်လည်း မဲဇာမြစ် အနောက်ဘက်ကမ်းရှိ လက်ပန်တန်းရွာ၊ သက္ကယ်ကျင်းရွာ၊ ထန်းတောရွာ၊ ကျောက်ဆင်ရွာများတွင် လယ်ယာမြေကွင်းများသည် မိုးခေါင်နေခြင်းကြောင့် မဲဇာမြစ်နှင့်နီးသည့် လယ်ယာမြေများသာ တရုတ်အင်ဂျင်စက်များကို အသုံးပြုပြီး စက်ရေတင်ကာ စပါးစိုက်ပျိုးနေကြရသည်။ မြစ်နှင့်အလှမ်းဝေးသော လယ်ယာမြေများမှာ မိုးကိုမျှော်နေကြရခြင်း ဖြစ်သည်။

အင်းတော်မြို့နယ် မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးအောင်ဝင်းက "အခု ဩဂုတ် ၁၆ ရက် အထိ မိုးစပါး တစ်နယ်လုံး စိုက်ပျိုးထားတဲ့ ဧက ကတော့ စုစုပေါင်း ၄၄၁၅၉ ဧကရှိပြီး ဖြစ်ပါတယ်။ မော်လူးဘက်ကကွင်းတွေကတော့ အားလုံးလိုလို စိုက်ပြီးကြပါပြီ"ဟု ပြောကြားသည်။

လက်ပန်တန်း ကျေးရွာအုပ်စုအတွင်းရှိသော ထန်းတောကျေးရွာ လယ်ကွင်းအချို့တို့မှာ ပျိုးထောင်ထားသည့် ပျိုးပင်ရက်ပေါင်း ၆၀ ကျော်သွားပြီဖြစ်သော်လည်း အချို့ တောင်သူများမှာ လယ်မြေအတွင်း ကောက်တစ်ပင်မှ မစိုက်ကြရသေးကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

# ကျိုက်ထိုမြို့နယ်ရှိ ဘုရားသုံးဆူတောင်ပေါ်၌ ဗုဒ္ဓရုပ်ပွားတော် တည်ထားကိုးကွယ်မည်

**ကျိုက်ထို ဩဂုတ် ၁၈**

ကျိုက်ထိုမြို့နယ် ဘုရားသုံးဆူတောင်၏တောင်ဘက် သောနစေတီအနီး ဉာဏ်တော် ၂၅ ပေ ၆ လက်မခန့်ရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဘုရားသုံးဆူကျောင်းတိုက်ဆရာတော် ဉူးတေဇဝန္တက အမှူးပြု တည်ထားကိုးကွယ်မည်ဖြစ်ပြီး ပန္နက်တင်မင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၇ရက်က အဆိုပါမြေနေရာ၌ ကျင်းပသည်။

ရပ်ဝေးရပ်နီးမှ စေတနာရှင်များ စုပေါင်းကုသိုလ်ပြုကြခြင်းဖြင့် လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၃၆၀၀ သိန်းကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး သံဃာတော်များနှင့် အလှူရှင်များက ပန္နက်တင်မင်္ဂလာကျင်းပခဲ့ကြသည်။ အဆိုပါ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သာသနာတော်နှစ်ကို တွက်ရှုကာ သာသနာတော်နှစ် ၁၀၀ လျှင် ဆယ်ပေနှုန်းဖြင့် နှစ်ပေါင်း ၂၅၅၈ နှစ်အတွက် အမြင့်ပေ ၂၅၅ ပေ ၆ လက်မကို တည်ထားကိုးကွယ်ခြင်းဖြစ်ပြီး ဘုရားရှင်တော်မြတ်ကြီး၏ ဝမ်းဗိုက်တော်အတွင်း အထပ်ပေါင်း ၂၄ ထပ်ပါရှိသည့် ဗုဒ္ဓဝင်ပြခန်းများကိုလည်း တစ်ပါတည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မုန့်ဖုတ်နည်းသင်တန်းများ ဖွင့်လှစ်သင်ကြား

**ပုဏ္ဏားကျွန်း ဩဂုတ် ၁၈**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ပေါင်မုန့်ဖုတ်နည်းနှင့် ပူတင်းမုန့်ဖုတ်နည်းသင်တန်းကို ဩဂုတ် ၁၇ ရက်က မြို့နယ်ဦးရာဇ်မင်္ဂလာခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မိုးမိုးက အာဟာရပြည့်စုံသည့် အစားအစာများ ပြင်ဆင်ဖန်တီးတတ်စေရန်နှင့် စီးပွားဖြစ်ဆောင်ရွက်နိုင်သည်အထိ မျှော်လင့်သင်ကြားပေးရခြင်းဖြစ်ကြောင်းပြောကြားသည်။ သင်တန်းဆရာမနှစ်ဦးဖြင့် သင်ကြားပေးခဲ့ပြီး စိတ်ပါဝင်စားသူ အမျိုးသမီး ၃၅ ဦးတက်ရောက်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



# တောင်ငူမြို့၌ အခမဲ့မျက်စိခွဲစိတ်ကုသပေး

**တောင်ငူ ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စံထားဖြူနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၅ ရက်နံနက်ပိုင်းက တောင်ငူမြို့ပြည်သူ့ဆေးရုံကြီး၌ ကိုရီးယားနိုင်ငံ Lion Club အဖွဲ့မှ အခမဲ့မျက်စိခွဲစိတ်ကုသပေးခဲ့သော လူနာများကို သွားရောက်ကြည့်ရှုအားပေးကြပြီး လူနာများအား အာဟာရအားဖြည့် အစားအစာများ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ ကိုရီးယားနိုင်ငံ Lion Club အဖွဲ့သည် တောင်ငူခရိုင် (၆) မြို့နယ်အတွင်းရှိ မြို့ပေါ်နှင့်ကျေးလက်ဒေသများမှ ပြည်သူများအား ဩဂုတ် ၁၁ ရက်မှ ၁၅ရက်အထိ အခမဲ့မျက်စိခွဲစိတ်ကုသမှုများပြုလုပ်ခဲ့သည်။ **(ဓာတ်ပုံ)** တောင်ငူခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ဩဂုတ် ၁၂ ရက်ကလည်း တောင်ငူမြို့ခပေါင်းခန်းမ၌ တောင်ငူခရိုင်(၆)မြို့နယ်ကို အာဟာရချက်ပြုတ်ပြိုင်ပွဲနှင့် စံပြမိခင်ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၁၅)**



**မြင်းမူမြို့ပေါ်ရှိ ဆေးရုံ၊ ကျောင်း၊ ဈေးနှင့် နေအိမ်များတွင် ရေဆိုးများမှ တစ်ဆင့် ကူးစက်ရောဂါများနှင့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေး မိလ္လာကန်ကျင်းစနစ်ကောင်းမွန်စေရေးအတွက် ဩဂုတ် ၁၆ ရက်က Bio King 100% Power Production ဆေးများကို အခမဲ့ဖျန်းပက်ပေးခဲ့စဉ်။**

(မြို့နယ် ပြန်/ဆက်)


ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဦးစီးဌာန၊ ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ
(က) ခုတင်(၁၀၀)ဆေးရုံ (၃)ရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ၊
(ခ) ခုတင်(၅၀)နှင့်(၂၅)ခုတင် (၄)ရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ၊
(ဂ) တိုက်နယ်ဆေးရုံ(၂၃)ရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ၊
(ဃ) ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် လိုအပ်သော ဆေးဝါးပစ္စည်းများကို ဝယ်ယူမည်ဖြစ်ပါ၍ (Food and Drug Administration) အသိအမှတ်ပြုဆေးဝါးများကို တင်ဒါခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၂၂-၈-၂၀၁၄ ရက် (သောကြာနေ့)မှစ၍ ရုံးချိန်။
၃။ **အိတ်ဖွင့်တင်ဒါပိတ်ရက်နှင့် အချိန်** - ၂၂-၉-၂၀၁၄ ရက်၊ (တနင်္လာနေ့)ညနေ ၁၆း၀၀နာရီ။
၄။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းအသေးစိတ်သိရှိလိုပါက ကရင်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၅၈-၂၁၂၃၆ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကြီးကြပ်ကော်မတီ**



**တေဇဂေါက်သီးရိုက်ပြိုင်ပွဲ**

တေဇကျောင်းဆင်း ညီအစ်ကိုများ၏ (၂၈)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပြုလုပ်မည်ဖြစ်ပါ၍ တေဇကျောင်းဆင်းအရာရှိများ ပါဝင်ဆင်နွှဲနိုင်ရန်နှင့် ပြိုင်ပွဲမကစားသူများပါ တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၄-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
**အချိန်** - ၀၆း၀၀ နာရီ
**နေရာ** - တပ်မတော်ဂေါက်ကွင်း၊ မင်္ဂလာဒုံ

**ပြိုင်ပွဲကျင်းပရေးကော်မတီ**



**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၀၊ မြေကွက်အမှတ် ၁၁၁၄ ပါမစ်မြေကွက်နှင့်စပ်လျဉ်း၍**

**အများသိစေရန် သတိပေးကြေညာချက်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်၊ နယ်မြေ ၆၊ ငွေကြယ်လမ်း၊ အမှတ် ၉၄ နေ ဦးကျော်တိုး ၉/မထလ(နိုင်)၁၆၁၅၄၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်တိုးမှ အထက်ဖော်ပြပါ ပေ(၄၀×၆၀)အကျယ်ရှိ မြေကွက်အား ၁၁-၄-၁၉၉၈ ခုနှစ်ကတည်းက ပါမစ်အမည်ပေါက် ဦးသိန်းမြင့် ပီဘီအီး-၁၄၂၉၄၇ထံမှ ရောင်းဖိုးငွေအကျေပေးချေပြီး အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ အတိအလင်းသဘောတူခွင့်ပြုချက်မရှိဘဲ အထက်ပါမြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ကြည်မွန် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၅၂)**
**ဖုန်း-၀၉-၄၃၁၁၄၁၄၁၊ ၀၉-၃၃၈၃၀၃၆၈**



**အများသိစေရန်ကြေညာခြင်း**

သိန်းနီမြို့၊ ရပ်ကွက်(၃)၊ ပြည်ထောင်စုလမ်းမ၊ အကွက်(၁၀)၊ ဦးပိုင်(၂၆)၊ မြေဧရိယာ ၀ဒသမ၀၅၁ဧကရှိ မြေငှားဂရန်မြေအမည်ပေါက် ဦးလုကြူ ၁၃/သနန(နိုင်)၀၀၂၉၇၈၏ မြေငှားဂရန် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးလုကြူ**



**တစ်ဦးတည်း ဖြစ်ပါကြောင်း**

တပ်ကုန်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ မဇင်မာစိုး၏ ဖခင် ဦးကြည်တင် ၉/တကန(နိုင်)၀၂၆၃၂၃နှင့် ဦးခင်မောင်သိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။



ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

**အကြောင်းကြားစာ**

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မူဆယ်ခရိုင်တရားမရုံးတော်၌
၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၈ နှင့်ဆက်သွယ်သည့်
၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၈

စိုင်းသန်းမောင် နှင့် နန်းမြင့်အေး
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မူဆယ်မြို့၊ မြောက်ရပ်ကွက်၊ အိမ်အမှတ် မ-၃၁၅နေ နန်းမြင့်အေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၁၈တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် စိုင်းသန်းမောင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၈ ရက် (၁၃၇၆ ခုနှစ် တော်သလင်းလပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်သို့လာရောက်စေ။

၂၀၁၄ခုနှစ် ဩဂုတ် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မောင်ဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**မူဆယ်ခရိုင်၊ မူဆယ်မြို့**



**အသိပေးကြေညာခြင်း**

ID 754109 Date 6-7-12 Licensc ISP IDV 8 12-13 2881 28/06/12 Gastoms Statement ကား ဓာတ်ပုံများပါရှိသော File တွဲလိုက် 6F/5806 Toyota Vitz File ပျောက်ဆုံးသွားပါသဖြင့် မိတ္တူထုတ်ပေးရန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးချမ်းသာ ၉/မရတ(နိုင်)၁၁၅၈၄၉**
**ဖုန်း-၀၉-၄၀၂၅၈၉၈၃၅**

## ညောင်ဦးမြို့နယ်အတွင်း စာပေမြှင့်တင်ရေးပြိုင်ပွဲများ ကျင်းပပြုလုပ်

**ညောင်ဦး သြဂုတ် ၁၈**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ သြဂုတ် ၁၇ ရက်က ညောင်ဦးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ (ထက်၊ လယ်၊ မူ အဆင့် ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေး ထက်မြက်ကောင်းမွန်ပြီး ပညာတတ် လူတော်လူကောင်းများဖြစ်လာစေရန် ရည်ရွယ်၍ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲသို့ ညောင်ဦးမြို့နယ်ရှိ အခြေခံပညာကျောင်းပေါင်း ၂၆ ကျောင်းကို ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားပြီး အခြေခံပညာကျောင်းပေါင်း ၁၂ ကျောင်းမှ (ထက်၊ လယ်၊ မူအဆင့်) ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အခမ်းအနားသို့ ညောင်ဦးမြို့နယ်ပညာရေးမှူး ဦးစန်းမောင်နှင့် လက်ထောက် မြို့နယ်ပညာရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဘာသာပြဆရာ ဆရာမများ၊ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှုများ ပြည်နယ်ဝန်ကြီးချုပ်စစ်ဆေး

**တောင်ကြီး သြဂုတ် ၁၈**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများလိုက်ပါလျက် သြဂုတ် ၁၃ ရက်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ လျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်းက ပေါင်းလောင်းရေအားလျှပ်စစ်ထုတ်လုပ်မည့် စီမံကိန်းဧရိယာအတွင်း ကျရောက်သော ကျေးရွာ ၂၃ ရွာနှင့် ပြောင်းရွှေ့လာသော ကျေးရွာများအတွက် မြေနေရာချထားမှုနှင့် စိုက်ပျိုးမြေနေရာရရှိရေး ကိစ္စရပ်များ၊ ပြောင်းရွှေ့လာသော ရွာများအတွက် ပညာရေးစာသင်ကျောင်းများ ဆောက်လုပ်ထားမှု၊ ကျန်းမာရေးအတွက် ဆေးပေးခန်းများ ဆောက်လုပ်ထားမှု၊ လျှပ်စစ်မီးသွယ်တန်းထားမှု၊ လမ်းများဖောက်လုပ်ထားမှု၊ ပြောင်းရွှေ့ရောက်ရှိလာသော ကျေးရွာများအတွက် ထောက်ပံ့ငွေပေးအပ်ထားမှုနှင့် စီမံကိန်းလုပ်ငန်းတစ်ခုလုံး ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စုစည်းထားသော ကျေးရွာများကို မြို့အဆင့်သို့ တိုးမြှင့်ပြီး အုပ်ချုပ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် မြေနေရာချထားမှုနှင့် မြို့မြေအဖြစ် သတ်မှတ်ရေးတို့ကို ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ပံ့ပိုးဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က စုစည်းထားသော ကျေးရွာများအတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပံ့ပိုးဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များကို တာဝန်ရှိသူများထံ လမ်းညွှန်မှာကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## အခြေခံပညာကျောင်းများ၌ စာပေစကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကျင်းပ

**မြင်းခြံ သြဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အခြေခံပညာကျောင်းများအတွင်း ကျောင်းသား ကျောင်းသူများ စကားပြောစွမ်းရည်၊ ဉာဏ်ရည် ဉာဏ်သွေးနှင့် ဖြတ်ထိုးဉာဏ် တိုးတက်ကောင်းမွန်မှုများနှင့် ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုတတ်စေရန် သြဂုတ် ၁၆ ရက်က စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပွဲများကို ကျင်းပသည်။

အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁)တွင် အခြေခံပညာအထက်တန်းအဆင့်စကားရည်လုပွဲ၊ အခြေခံပညာအထက်တန်းကျောင်း အမှတ် (၂)တွင် အခြေခံပညာအလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄)တွင် အခြေခံပညာမူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ပြိုင်ပွဲများတွင် အခြေခံပညာအဆင့်အလိုက် ကျောင်းသား ကျောင်းသူများက ယှဉ်ပြိုင်ခဲ့ကြသည်။ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများကလည်း ဗဟုသုတ တိုးပွားစေရန် ပြိုင်ပွဲများသို့ လာရောက်လေ့လာခဲ့ကြသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## လီဆူတိုင်းရင်းသားများအား ထောက်ပံ့ပစ္စည်းများပံ့ပိုးကူညီ

**မိုးမိတ် သြဂုတ် ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် မန်ယွန်းကျေးရွာအုပ်စု လီဆူတိုင်းရင်းသားများနေထိုင်သည့် ခတ်ချယ်ကျေးရွာ၌ သြဂုတ် ၈ရက်က KIA လက်နက်ကိုင်တပ်ဖွဲ့များက တပ်သားသစ်များ ခေါ်ဆောင်စုစည်းမှုကြောင့် အဆိုပါကျေးရွာနေ ပြည်သူ ၃၂၀သည် မိုးလိုကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ခိုလှုံနေထိုင်လျက်ရှိသည်။ ၎င်းစစ်ရှောင်ဒုက္ခသည်စခန်းသို့ မိုးမိတ်မြို့ဒေသအာဏာပိုင်အဖွဲ့အစည်းများ အလှူရှင်များက သြဂုတ် ၁၄ ရက်က ထောက်ပံ့ပစ္စည်းများ (ဆန်၊ ဆီ၊ ဆား လူသုံးကုန်ပစ္စည်းများ) ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ "ဒုက္ခရောက်တဲ့အချိန်မှာ အခုလိုအကူအညီရတာဆိုတော့ အတိုင်းမသိဝမ်းသာပါတယ်၊ မိုးလိုဆရာတော်နှင့် ရွာသားများကလည်း ဝိုင်းဝန်းစောင့်ရှောက်တဲ့အတွက် အဆင်ပြေပါတယ်။ အခုလို ဒေသအာဏာပိုင်အဖွဲ့အစည်းများမှ လာရောက်ကူညီအားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု မိုးလိုဘုန်းတော်ကြီးကျောင်း ဒုက္ခသည်စခန်းမှ ဒုက္ခသည်တစ်ဦးက ၎င်းတို့နေထိုင်ရပုံနှင့် အခက်အခဲများကို ပြောပြပြီး ယခုချိန်အထိ မိမိဒေသသို့ မပြန်နိုင်ကြသေးကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**သံတောင်ကြီး သြဂုတ် ၁၈**

သံတောင်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မိုးပွင့်အဆင့် (၆)စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြား One Stop Service နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ခြင်းကို သြဂုတ် ၆ ရက် နံနက် ၉ နာရီက သံတောင်မြို့ အထကကျောင်း၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သံတောင်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမျိုးတင့်နှင့်အဖွဲ့၊ သံတောင်မြို့ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အသက် (၁၀ နှစ်)ပြည့်ပြီးသူများနှင့် အသက် (၁၈နှစ်)ပြည့်ပြီးသူ ၁၂၀ ကျော်ကို One Stop Service ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုတီ (iprd)**

## အခြေခံပညာကျောင်းပေါင်းစုံ စကားရည်လုပွဲ၊ ကျပန်းစကားပြော၊ ပုံပြောနှင့်ကဗျာရွတ်ပြိုင်ပွဲများကျင်းပ

**နေပြည်တော် သြဂုတ် ၁၈**

နေပြည်တော်ကောင်စီနယ်မြေဇေယျာသီရိမြို့နယ်အခြေခံပညာကျောင်းပေါင်းစုံ မြို့နယ်အဆင့် စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ် ပြိုင်ပွဲကို သြဂုတ် ၁၅ ရက် နံနက် ၉ နာရီက အထက(၄) ရေဆင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးစိန်လွင်က အမှာစကား ပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးသောင်းငွေက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၄၀မှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပြိုင်ပွဲဝင် ဦးရေ ၇၀ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယင်းပြိုင်ပွဲမှ ဆုရရှိသူများအနေဖြင့် ခရိုင်အဆင့်ပြိုင်ပွဲသို့ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းသိရသည်။ **မောင်လွင်(တပ်ကုန်း)**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး**
**(တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မန္တလေးတိုင်းဒေသကြီး)**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၁၄-၂၀၁၅ခုနှစ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် အောက်ဖော်ပြပါလုပ်ငန်းများပါရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) ရမည်းသင်းခရိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာစုပေါင်းရုံး အဆောက်အအုံ ဆောက်လုပ်ခြင်း (၄၈'×၃၀'၊ ၂ထပ်၊ သံကူကွန်ကရစ်)

(ခ) ကျောက်ဆည်မြို့နယ် ၃၃/၁၁ ကေဗွီ ၄ဣတောင်ဓာတ်အားခွဲရုံဝင်းအတွင်း လေးခန်းတွဲဝန်ထမ်းနေအိမ် အဆောက်အအုံဆောက်လုပ်ခြင်း (၆၀'×၅၀'၊ ၁ထပ်၊ သံကူကွန်ကရစ်)

(ဂ) မြစ်သားမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်း လေးခန်းတွဲ ဝန်ထမ်းနေအိမ်အဆောက်အအုံ ဆောက်လုပ်ခြင်း (၆၀'×၅၀'၊ ၁ထပ်၊ သံကူကွန်ကရစ်)

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၈-၂၀၁၄ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၉-၉-၂၀၁၄ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ညနေ ၁၆:၃၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့** - ဖုန်း-၀၂-၂၄၉၆၀
**မန္တလေးတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး** - ဖုန်း-၀၂-၃၉၈၀၂၊ ၀၂-၃၉၈၀၃၊ ၀၂-၃၉၃၃၁၊ ၀၂-၃၉၁၆၁



**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၃/၂၀၁၄)**

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ အမေရိကန်ဒေါ်လာ (CIF Yangon) ဖြင့် လည်းကောင်း ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | MPPE/LP/MCY/CAP/T/5 (2014-2015) | 2,800.Gallons Bowser (Brand New) | 10 Units | Kyats |
| (၂) | MPPE/LP/MCY/CAP/T/6 (2014-2015) | Flow Meter 100 IGPM (Positive Displacement Liquid controls, Branded) | 10 Nos. | Kyats |
| (၃) | MPPE/LP/MCY/CAP/T/7 (2014-2015) | Air Conditioner | 5 Sets | Kyats |
| (၄) | MPPE/LP/TTS/T/2 (2014-2015) | Tyre with Tube and Flap | 2 Items | Kyats |
| (၅) | MPPE/MCY/CAPT/3 (2014-2015) | 300 IGPM Fuel Transfer Centrifugal Pump (Engine Driven) | 2 Sets | USD |
| (၆) | MPPE/MCY/CAP/T/4 (2014-2015) | Fire Fighting Angus Engine Driven Pump With Trailer Inductor | 2 Sets | USD |
| (၇) | MPPE/MCY/CAP/T/5 (2014-2015) | Mercedes Refueller Engine Assembly with Clutch and Gear Box Assembly | 2 Sets | USD |
| (၈) | MPPE/AV/T/1 (2014-2015) | Aviation Gasoline 100 LL | 480 × 200 Litre Drums | USD |
| (၉) | MPPE/AV/LUB/T/1 (2014-2015) | Aviation Lubricating Oil & Grease | 14 Items | USD |
| (၁၀) | MPPE/MCY/T/2 (2014-2015) | Filter Elements | 8 Items | USD |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၉-၈-၂၀၁၄ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၈-၉-၂၀၁၄ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

သတင်းဆောင်းပါးနှင့်သတင်းတို

# မောရှမ်းမြေမှ ရတနာတန်းဝင် မြန်မာ့နံ့သာဖြူပင်

သက်နိုင်(ပြင်ဦးလွင်)

ကမ္ဘာပေါ်ရှိ လူသားအားလုံး အမွှေးနံ့သာကို ကြိုက်နှစ်သက်ကြသည်။ မျက်နှာနှင့် ကိုယ်ခန္ဓာပေါ်တွင် လိမ်းခြယ်ကြရုံမျှမက ချက်ပြုတ်စားသောက်ရာ အစားအစာများ၌လည်းကောင်း၊ မိမိနေထိုင်ရာ အဆောက်အအုံ ပတ်ဝန်းကျင်များ၌လည်းကောင်း အမွှေးနံ့သာများကို အသုံးပြုနေကြပေသည်။ ထိုအမွှေးနံ့သာများမှာ အများအားဖြင့် သစ်ပင်၊ ပန်းပင်များမှ ရရှိလေသည်။

အမွှေးနံ့သာများစွာထဲမှ မြန်မာအမျိုးသမီးတို့ နေ့စဉ် စွဲမက်စွာ လိမ်းခြယ်နေသည့် အမွှေးနံ့သာများမှာ သနပ်ခါး၊ နံ့သာဖြူ နံ့သာနီ၊ ကရမက်တို့ဖြစ်ကြသည်။ အတုံး၊ အခေါက်၊ အမြစ်များမှ အမွှေးနံ့သာရရှိသော သနပ်ခါးကဲ့သို့ အပင်ကို ရုက္ခဗေဒ အခေါ်ဖြင့် လင်မိုနီယား အက်ဆစ်ဒီစီမားဟု ခေါ်ဆိုပြီး ထိုအပင်များသည် ဥသျှစ်၊ လိမ္မော်၊ ရှောက်၊ သံပရာ၊ ပျဉ်းတော်သိမ်တို့နှင့် မျိုးရင်းတူ ရုတေစီအီး မျိုးနွယ်များဖြစ်ကြသည်။

ထိုအထဲတွင် သနပ်ခါးပင်သည် မြန်မာနိုင်ငံ အလယ်ပိုင်း မိုးခေါင်ရေရှား ဒေသများတွင် သန်း၊ ဒဟတ်တော၊ ထနောင်း၊ ဆူးဖြူ ရှား၊ တည်စသည့် အပင်များနှင့် ရောနှောပေါက်လေ့ရှိသော်လည်း နံ့သာဖြူပင်သည် ရှမ်းကုန်းမြေမြင့်ပေါ်တွင်သာ ပေါက်ရောက်ဖြစ်ထွန်းသည်ကို တွေ့ရှိရသည်။ နံ့သာဖြူပင်သည် အလေ့ကျပေါက်လေ့ရှိပြီး မျိုးစေ့ဖြင့်လည်းကောင်း၊ ပျိုးပင်ဖြင့်လည်းကောင်း စိုက်ပျိုးပါက အောင်မြင်ရန်ခက်ခဲပြီး ပြောင်းရွှေ့စိုက်ပျိုးပါကလည်း သေတတ်သည်ဟု သိရသည်။

နံ့သာဖြူပင်သည် စတင်ပေါက်သည့် အချိန်မှစ၍ နှစ်နှစ်၊ သုံးနှစ်အတွင်း အကြီးမြန်၍ ငါးနှစ်သားမှ စတင်ပြီး အနှစ်ထည့်ချိန်တွင် ကြီးထွားမှု နှေးသွားလေသည်။ အပင်သည် လူတစ်ရပ် အမြင့်အရွယ် ၅ ပေ၊ ၆ပေခန့်တွင် ပြုစုဂရုစိုက်ရပြီး ကျော်လွန်သွားပါက အလွန်တရာ ဂရုစိုက်စရာမလိုတော့ပေ။ ငါးနှစ်သားကျော် အနှစ်ထည့်ချိန်တွင် အပင်တွင် အနှစ်မည်မျှရှိကြောင်း ကျွမ်းကျင်သူများက လွန်ဖြင့် ဖောက်၍ သိရှိနိုင်ပြီး ဖောက်ထားသော အပေါက်ကို ပြန်ပိတ်ခဲ့ရသည်ဟုဆိုသည်။ နံ့သာဖြူပင်သည် ကိုင်းခွနှင့် အတက်များသော အပင်သည် အနှစ်ပိုမိုများတတ်ပြီး ထိုကိုင်းဆုံ၊ ခွဆုံများတွင် အနှစ်စုကြသည်ဟု သိရသည်။ အမြစ်သည် အဆီစုဆောင်းမှု ပိုများသည်ဟုလည်း သိရသည်။

နံ့သာဖြူပင်များသည် အလေ့ကျပေါက်သော်လည်း သေနိုင်ခဲသည်။ မီးလောင်လျှင် သော်လည်းကောင်း၊ ခုတ်လှဲလျှင် သော်လည်းကောင်း၊ အမြစ်ကျောက်တွေ့လျှင်သော်လည်းကောင်း အတက်များ ပြန်လည်ထွက်လာပြီး ဆက်လက်ရှင်သန်စေသည်။ နံ့သာပင်သည် အဝါနှင့်အနီဟူ၍ရှိပြီး အနီပင်များကို နံ့သာနီဟု ခေါ်ဆိုကြသည်။ နံ့သာနီပင်များကို ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်ရှိ ရွာများတွင် အများဆုံးတွေ့ရှိရသည်။ နံ့သာဖြူပင်များကို ပြင်ဦးလွင်မြို့နယ်ရှိ သံတောင်၊ ရုပ်ကျား၊ လိပ်ကျ၊ မြေပုံ၊ ရွှေချောင်း၊ စုန်းပေါ်အိုင်နှင့် ပြင်စာရွာတို့တွင် အများဆုံး တွေ့ရှိရသည်။ နံ့သာပင်သည် မြေပြန့်ဒေသ၌ အနည်းငယ်သာ ပေါက်ရောက်ပြီး တောင်ပေါ်ဒေသ၌ အပေါက်များပြီး ဖြစ်ထွန်း၍ တောင်ပေါ်ဒေသမှ နံ့သာဖြူများသည် ပိုမိုမွှေးကြိုင်၍ အရောင်အဆင်းလည်း ပိုမိုတောက်ပသည်ဟု သိရသည်။



နံ့သာဖြူပင်ကို အနှစ် အနည်းအများ ပေါ်မူတည်၍ ငွေကျပ်၁၀ သိန်းမှ သိန်း ၃၀ ကျော်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းနှင့် နံ့သာဖြူပင်များကို လိုက်လံကြည့်ရှု၍ ဝယ်ယူရောင်းချသည့် ကျွမ်းကျင်သူများကိုလည်း ဒေသအခေါ် 'နံ့သာဖြူမုဆိုး'ဟု ခေါ်ဆိုကြောင်း သိရသည်။ ထိုနံ့သာဖြူမုဆိုးများ၏ အဆိုအရ နံ့သာဖြူ တစ်ပင်လျှင် တစ်ကျပ်လုံးမျှ အနှစ်ပါက ဝယ်ယူသူက အရှုံးလုံးဝမရှိနိုင်ကြောင်းနှင့် ရှစ်လက်မအရွယ် အတုံးငယ်လေးများအဖြစ် ဖြတ်တောက်၍ အလေးချိန်ဖြင့် ပြန်လည်ရောင်းချကြရာ မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီးမှ ကုန်သည်များက အများဆုံး လာရောက်ဝယ်ယူကြကြောင်း သိရသည်။

နံ့သာဖြူကို လိမ်းခြယ်လျှင် စိတ်ကြည်လင်လန်းဆန်း၍ သင်းပျံ့သော ရနံ့ကို ရရှိစေခြင်း၊ အသားအရေကို အေးမြစေခြင်း၊ ချောမွေ့စေခြင်း၊ လှပစေခြင်း စသည့် ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသော နံ့သာဖြူပင်များကို ယခုအခါတွင် နောင်ချို၊ ပြင်ဦးလွင်ဒေသတို့တွင် ထိန်းသိမ်းပြုစုစောင့်ရှောက်လျက် ရှိကြောင်း သိရသည်။ ။

## ဥပဒေကျောင်းသားများ လက်တွေ့သင်ယူသည့် သရုပ်ပြတရားခွင် လေ့ကျင့်မှုပြုလုပ်

ရန်ကုန် ဩဂုတ် ၁၈

